


# သုမောင်

ဒုတိယအကြိမ်

mgyoe.com

mgyoe.com



ISBN 9789997118769
THU21
9 789997 118769
2,200.00KS

mgyoe.com

mgyoe.com

သက်သတ်လွတ်အက်ဆေးများ၊ သုမောင်
စာမျက်နှာ ၁၂၀+ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၂ ပြုံးစာပေ၏ ပထမအကြိမ်မှ

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ

| | |
|---|---|
| –သက်သတ်လွတ်အက်ဆေးနှင့် ပတ်သက်၍ | က |
| ၁။ ကျွန်တော်၏ကလောင်များ | ၁ |
| ၂။ သံတံခါးများ | ၁၀ |
| ၃။ ပင်မင်းဝါးရုံ | ၂၀ |
| ၄။ မန်ကျည်းပင်ပုံပြင် | ၂၈ |
| ၅။ ခုံ | ၃၆ |
| ၆။ အရက်နှင့် စီးကရက်နှင့် သာခု သုမောင် | ၄၂ |
| ၇။ မီးအိမ် | ၅၁ |
| ၈။ အမေ၏အိမ် | ၅၈ |
| ၉။ အဖေ၏ အသုဘ | ၆၆ |
| ၁၀။ အမေ၏ အသုဘ | ၇၄ |
| ၁၀။ စာရေးဆရာ၏အိမ် | ၈၁ |
| ၁၁။ ရန်လုံ့အိမ် | ၈၇ |
| ၁၂။ ဖုန်းရှင်ကံရှင် | ၉၅ |
| ၁၃။ ကား | ၁၀၅ |
| ၁၄။ အိမ်သာ | ၁၁၂ |

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# သက်သတ်လွတ်အကာဆေးနှင့် ပတ်သက်၍

'နာဂစ်မုန်တိုင်း ဝင်မွှေပြီးသော နံနက်ခင်းတွင် ကျွန်တော့် ခြံဝင်းထောင့်ရှိ လူနှစ်ဖက်ခန့်ရှိသော အထင်ကရ မန်ကျည်းပင်ကြီး ပြိုလဲနေတာ ပထမဆုံး မြင်တွေ့လိုက်ရပါသည်။ နံနက်စောစော မုန်တိုင်းက မစဲသေးပါ။ အိမ်ထဲမှ အိမ်ပြင်သို့ မိသားစုများ မထွက်ရဲသေးပါ။ မိမိအိမ်အပေါ်ထပ်သို့ပင် မတက်ရဲသေးပါ။ အိမ်ရှေ့သံတံခါးမှသာ မန်ကျည်းပင်အိုကြီးကို နှမြောတသစွာ ငေးကြည့်နေခဲ့ကြပါသည်။ အဘွားစိုက်ခဲ့တာလား၊ အမေပျိုးခဲ့တာလား မမှတ်မိတော့သော ထိုမန်ကျည်းပင်ကြီးကား ရွက်သစ်နု ချိန်တွင်လည်း ဟင်းတစ်ခွက်ကို ပေးပါသည်။ သာစုခြံထဲမှ အလုပ်သမားဆွေမျိုး သားချင်းများကိုလည်း ဟင်းတစ်ခွက်၊ သို့မဟုတ် ဇန်းပေါ်တင် လည်ရောင်းဖို့ ထမင်းရှာကျွေးပါသည်။ တစ်နေကုန် ကျွန်တော့်ခြံကိုလည်း အရိပ်အာဝါသ ပေးပါသည်။ ရှေးရှေးက ပုံပြင်တစ်ပုဒ် ရှိပါသည်။ ဆေးဆရာကြီးတစ်ဦး အိမ်သို့ နေပူကျဲကျဲတွင် လူနာတစ်ဦးအား အဝတ်ထမ်းစင်ဖြင့် ခေါ်ဆောင် လာကြရာအနီးရှိ မန်ကျည်းပင်ရိပ်တွင် လူနာထမ်းသမားတို့ ခဏ အရိပ်ခိုနားကြလေသည်။

mgyoe.com

mgyoe.com



ထိုအခါ ဆေးဆရာကြီးက ဆေးအိတ်ပြင်ဆင်နေသော ဇနီးသည် အား "ရှင်မရေ... ဆေးအိတ်မပြင်နဲ့တော့ မန်ကျည်းပင်ရိပ်ခိုရုံနဲ့ လူနာရောဂါ ပျောက်သွားလောက်ပြီ" ဟူ၍ ဖြစ်ပါသည်။ မန်ကျည်းပင် ဆေးဖက်ဝင်ပုံတည်း။

ကျွန်တော်သည် နွေကာလနေပူချိန်တွင် ထိုမန်ကျည်းပင်ကြီးအောက်မှာ ပက်လက်ကုလားထိုင် လက်ရန်းပေါ် မှန်ချပ်တင်၍ စာရေးစာဖတ် လုပ်တတ်ပါသည်။ ဘာပဲဖြစ်ဖြစ် ထိုမန်ကျည်းပင်ကြီးသည် ကျွန်တော်၏မိတ်ဆွေပါပင်။ ခုတော့ ထိုမန်ကျည်းပင်ကြီးကား သက်ရှိများကဲ့သို့ ဇရာသဘောဖြင့် မရဏကို ဆောင်လေပြီ။ ခြံထဲတစ်ဝက် လမ်းမတစ်ဝက် တုံးလုံးပက်လက်လဲလေပြီ။ ရပ်ကွက်ကောင်းမှုဖြင့် လမ်းရှင်းကြသော အခါ အပိုင်းပိုင်းအပြတ်ပြတ်ဖြင့် ဘဝပြောင်းသွားလေပြီ။

နာဂစ်ကိစ္စ နည်းနည်းသွေးအေးသွားသောအခါ ထိုမန်ကျည်းပင်ကြီးအကြောင်းကို စာမူတစ်ပုဒ် (ဘာရယ်မဟုတ်) ရေးသားပြီး 'မဟေသီ' မဂ္ဂဇင်းသို့ ပေးပို့ခဲ့ရာ (အမှတ် ၂၈၄၊ ဩဂုတ်လ၊ ၂၀၀၈)တွင် ပါဝင်ခဲ့ပါသည်။ 'မဟေသီ'က ထိုစာစုကလေးကို 'ရသစာတမ်း' ကဏ္ဍတွင် ဖော်ပြခဲ့ရာ ကျွန်တော်သည် သစ်ပင်များကို စာဖွဲ့ရန် စိတ်ကူးသစ်ရလာသဖြင့် ရှားရှားပါးပါး လက်ဆောင်ရလာခဲ့သော 'ဝါးမင်း' ပင်အကြောင်း ထပ်မံစာဖွဲ့မိပါသည်။ 'ဝါးမင်း' သည်လည်း အခြားဝါးများနှင့်မတူဘဲ 'မင်း' ဆိုသည့်အတိုင်း ထူးခြားသော အရည်အချင်းများ ရှိနေတာတွေ့ရသောကြောင့် ဖြစ်ပါသည်။ ထိုစာမူကိုလည်း 'မဟေသီ' သို့ပင် ထပ်မံပေးပို့ရာ (၂၀၀၈၊ စက်တင်ဘာလထုတ် အမှတ် ၂၈၅)တွင် ဖော်ပြပါသည်။ သည်လိုနှင့် သက်မဲ့အရာဝတ္ထု များ အထူးသဖြင့် ကျွန်တော်ကိုင်တွယ်ခဲ့သော၊ ကျွန်တော်အသုံးပြုခဲ့သော သက်မဲ့ပစ္စည်းဝတ္ထုများကို 'မဟေသီ' မဂ္ဂဇင်းများတွင် စာစုများအဖြစ် ဖော်ပြရေးသားလာခဲ့ပါတော့သည်။ အခြား မဂ္ဂဇင်းများတွင်လည်း စိတ်လိုလက်ရရှိလျှင် ရေးသားပေးပို့ရာ

mgyoe.com

mgyoe.com



မဂ္ဂဇင်းများမှ အယ်ဒီတာများမှာ သူတို့အလိုအရပင် မာတိကာ၌ စာတမ်း၊ စာတန်းဟူ၍ ခေါင်းစဉ်တပ်ကြပါသည်။

ကျွန်တော် စာရေးဆရာဖြစ်စတွင် ကျွန်တော့်ဖခင် ဆရာသာခုက ပြောဖူးပါသည်။

"သားရေ... ဆရာကြီးပီမိုးနင်းက ပြောဖူးတယ်ကွ၊ မီးခြစ်ကလေးတစ်ဘူးအကြောင်းကိုလည်း ရေးတတ်ရင် ဝတ္ထုဖြစ်တယ်တဲ့ကွ" ဟူ၍ ဖြစ်ပါသည်။ ထို့ပြင် 'စာတမ်း' 'စာတန်း' ဟူ၍ စာလုံးပေါင်းပင် ကွဲပြားနေကြရုံမျှမက စာတန်း၊ စာတမ်း ငယ်၊ ရသစာတမ်း စသည်ဖြင့် ပညာရှင်တို့က အမျိုးမျိုး ဝေဖန်ပိုင်းခြားနေခဲ့ကြလေရာ ကျွန်တော့်အနေဖြင့်မူ ငယ်စဉ်က အင်္ဂလိပ်လို Eassy အက်ဆေး၊ မြန်မာလို 'စာစီစာကုံး' ကိုသာ စိတ်ထဲစွဲနေ ပါတော့သည်။

ဆောစောက ပြောသလို သက်မဲ့အရာဝတ္ထုကလေးများကို စာဖွဲ့မိရင်းက လယ်ယာစီးပွားရေးဂျာနယ်တွင် ကျွန်တော်က 'ဟိုတစ်စ သည်တစ်စ မောင်ဗလ' ဟူသော ခေါင်းစဉ်ဖြင့် မတော်တဆကြုံခဲ့ရသော အနုပညာရှင်များ၏ လျှပ်တစ်ပြက် ပုံရိပ်များကို ရေးနေခဲ့ရာ 'ဆရာချစ်ဦးညို' ကလည်း ထိုဂျာနယ်မှာပင် 'အဝိဇ္ဇာဏက' ဆိုသော သူသုံးဆောင်ခဲ့သည့် ပစ္စည်းများအကြောင်း ဓမ္မသံနှော၍ ရေးနေတာတွေ့ရပါသည်။ နောင်သော်သူက ပေါင်းချုပ်ထုတ်ပါသည်။ ဒါကို အားကျသဖြင့် ကျွန်တော်ကလည်း ကျွန်တော်၏သက်မဲ့ပစ္စည်းများ စာစုပေါင်းချုပ်ထုတ်ရန် စိတ်ကူးရသွားပါသည်။ ခေါင်းစဉ်ကိုလည်း ကျွန်တော်၏စာစုများနှင့် ကိုက်ညီစေရန် 'သက်သတ်လွတ်' ဟု ပေါ့ပေါ့ပါးပါး ပေးပါသည်။ 'ဆရာချစ်ဦးညို' က ပညာရပ်ဘက် အလေးသာပြီး ကျွန်တော်က လူ့သဘာဝဘက် နှယ်နေတာတော့ ကွာပါသည်။

ကျွန်တော်သည် ထုတ်ဝေသူ ပုံသေမထားပါ။ စာမျိုးစုံရေးသူဖြစ်သောကြောင့် မိမိ၏စာမူနှင့်ကိုက်ညီသော စာအုပ်တိုက်ကို မိမိစာမူပေးပါသည်။ ထို့ကြောင့် စာအုပ်တိုက်စုံပါသည်။

mgyoe.com

mgyoe.com



တစ်လောက ဆရာမ မြနှောင်းညို၏ **'စပျစ်နိုင်နှင့် အခြား ဝတ္ထုတိုများ'** စာအုပ်လက်မှတ်ထိုးပွဲ အင်းဝစာအုပ်တိုက်မှာ ကျင်းပရာ ထုတ်ဝေသူ မပြုံး (ပြုံးစာပေ) က စာအုပ် လက်ဆောင် ပေးပါသည်။ ထိုအခါ ကျွန်တော်၏ 'သက်သတ်လွတ်' စာစုများ ကို 'ပြုံးစာပေ' နှင့် ကိုက်ညီသည်ဟု ယူဆပြီး မပြုံးထံ နောက်နေ့ ဖုန်းဆက်ပြီး အကူအညီတောင်းမိပါသည်။ မပြုံးကလည်း ကျွန်တော်နှင့်အဆက်အသွယ် မရှိ၍သာ စာမူမတောင်းခဲ့ မိကြောင်း၊ ယခုလို ဖွင့်ပြောလာသဖြင့် ဝမ်းသာကြောင်း ပြောပါ သည်။

ဤသို့ဖြင့် ဤ 'သက်သတ်လွတ်' စာမူများ 'ပြုံးစာပေ' မှ ထုတ်ဝေရန် ဖြစ်ပေါ်လာပါတော့သည်။ ပြဿနာကလေး တစ်ခုမှာ စောစောကပြောသော 'စာတမ်း'၊ 'စာတန်း'၊ 'စာတမ်း ငယ်' ဟူသော ဝိဝါဒကိစ္စဖြစ်ပါသည်။ ထို့ကြောင့် ဦးနှောက် ခြောက်မခံတော့ဘဲ ငယ်ငယ်က ကျောင်းမှာသင်ခဲ့ရသည်ကို အမှတ်တရ သဘောပိုက်ကာ 'သက်သတ်လွတ် အက်ဆေးများ' ဟု အမည်ပညတ် သမုတ်အပ်လိုက်ရပါတော့သည်။

## ကျေးဇူးတင်ပါသည်။

ပုံမှန်ဖော်ပြပေးသော 'မဟေသီ' မဂ္ဂဇင်း၊ ကြိုးကြား ဖော်ပြပေးကြသော စရဏမဂ္ဂဇင်း၊ ရန်နံ့သစ်မဂ္ဂဇင်း၊ Health for All မဂ္ဂဇင်း၊ Family မဂ္ဂဇင်းတို့နှင့် စုပေါင်းထုတ်ဝေပေးသော 'ပြုံးစာပေ' တို့ကို ကျေးဇူးတင်ပါသည်။ 'မန်ကျည်းပင် ပုံပြင်' ကို စတင်ရေးဖြစ်ရန် ထိုမန်ကျည်းပင်ကြီးကို ပြုစုပျိုး ထောင်ပေးခဲ့သော ကွယ်လွန်သူ (အဘွား သို့မဟုတ် မိခင်ကြီး) အားလည်း ကျေးဇူးတင်ပါသည်။

မခွင်းမချန် ကျေးဇူးတင်ရပါမူ ထိုမန်ကျည်းပင်ကြီး ပြိုကျလဲလျောင်းစေရန် တိုက်ခတ်ခဲ့သော နာဂစ်ကိုပင် ကျေးဇူး စတင်ရမလိုပင်။ နာဂစ်ကြောင့် မန်ကျည်းပင်ကြီး၏ 'ဇာတိ၊

mgyoe.com

mgyoe.com



ဇရာ၊ ဗျာဓိ၊ မရဏ' ကို လူ့ဘဝ နှင့်ယှဉ်ပြီး တွေးမိသည် မဟုတ် ပါလားလေ။

ကျန်းမာကြပါစေ

သုမောင်

(၃၊ ၂၊ ၂၀၁၀)

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ကျွန်တော်၏ ကလောင်များ

'ကျွန်တော်၏ကလောင်များ' ဆိုသည်မှာ ယခုနှယ်ခါ လူသုံးများနေသော ဝေါဟာရဖြစ်သည်။ 'ကလောင်ခွဲ'၊ 'ကလောင်ဝှက်'၊ 'လျှို့ကလောင်' စသော မိမိ၏ စာရေးဆရာ အမည်နာမများကို သီးခြားခွဲ၍ ကင်ပွန်းတပ်ဝိသေသပြုခြင်းဟု မဆိုလိုပါပေ။ ကျွန်တော် ငယ်စဉ်မှစ၍ ခုနှယ်ခါထိ သုံးစွဲနေခဲ့သော ခဲတံ၊ ဖောင်တိန်၊ ဘောပင် စသော စာရေးကိရိယာများကို ဆိုလိုပါသည်။ ယင်းစာရေးကိရိယာများကို ရှေးယခင်ကတော့ 'ကလောင်တံ' ဟူ၍ပင် သုံးနှုန်းခဲ့ပါသည်။ တကယ်ပင်လည်း ငှက်မွေးထိပ်အရင်းပိုင်းတွင် 'ကလောင်တံ' တပ်၍ သုံးစွဲခဲ့သောကြောင့် ဖြစ်ပါသည်။ နောက်ပိုင်းတွင်လည်း စာရေးသူတို့အား 'ကလောင်ရှင်'၊ 'ကလောင်သမား'ဟု အများက အာလုတ်ပြုခဲ့သည်မှာ ယခုတိုင်ဖြစ်ပါသည်။ သို့ရာတွင် ပစ္စည်းကိရိယာအနေနှင့်မူ 'ကလောင်တံ'၊ 'ဘောပင်'၊ 'ဖောင်တိန်'ဟု သီးခြားသတ်သတ်ခေါ်ဆိုကြပါသည်။ 'ကလောင်တံ'ခေတ်ကား ကုန်ဆုံးခဲ့ပါပြီ။ ခေတ်ကုန်သွားပြီ ဖြစ်သော 'ဖောင်တိန်'မှုကား လောကဓမ္မတာအတိုင်း တစ်ပတ်လည်၍ ခုနှယ်ခါ တစ်သစ်ဆန်းလာပြန်တာ တွေ့ရပါသည်။ တချို့ပုဂ္ဂိုလ်များ (ကျွန်တော် အပါအဝင်) ဖောင်တိန်ကို တကူးတကန့် ပြန်သုံးလာကြပါသည်။ အထူး

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com


သဖြင့် ရုံးပြင်ကနားနှင့် အရေးတကြီးကိစ္စများတွင် အသုံးပြုကြပါသည်။ တချို့ကလည်း စတိုင်တစ်မျိုးဖြင့် သုံးပါသည်။ ကျွန်တော်ဆိုလျှင် လုံးချင်းဝတ္ထုများ ရေးသားစဉ်ကာလက 'ကလောင်တံ' စစ်စစ်ကို သုံး၍ စာရေးဖူးပါသည်။ ဝါကျများရေးလိုက်၊ မင်အိုးတွင် မင်တို့လိုက်နှင့် စာရေးရသည်မှာ အရသာတစ်မျိုး တွေ့ရပါသည်။

ကျွန်တော်သည် ဖောင်တိန်ကို ငါးတန်းကျောင်းသားဘဝတွင် စတင်သုံးစွဲခွင့် ရခဲ့ပါသည်။ ကျောင်းနေစတွင်မူ 'ခွေးတံဆိပ်' ခဲတံကို စတင်သုံးရပါသည်။ ကျွန်တော် ဖောင်တိန် စ၍ကိုင်ရသောအခါ ကျွန်တော့်ဖခင်က သူ၏ ပတ်ကားဖောင်တိန် နံပါတ် ၆၁ ကို လက်ဆောင်ပေးပါသည်။ အကြောင်းထူး တိုက်ဆိုင်မှုရှိသောကြောင့် ဖြစ်ပါသည်။ ယင်းကား...

၁၉၅၁ ခုနှစ်တွင် ကျွန်တော့်အားမွေးဖွားခဲ့ရာ ထိုနှစ်မှာပင် ကျွန်တော့်ဖခင် စာရေးဆရာ 'သာဓု'သည် သူ၏ 'တပ်ထဲက မြတ်ကိုကို' ဝတ္ထုလုံးချင်းဖြင့် စာပေဗိမာန်စာပေဆုကို ရရှိပါသည်။ ထိုစာအုပ်ကိုပင် တက္ကသိုလ် ဝင်တန်းကျောင်းသုံးပြဋ္ဌာန်းခံရပါသည်။ ထိုဆုအတွက် ငွေသားနှင့်အတူ စောစောကပြောသော ပတ်ကား ၆၁ ဖောင်တိန်ကိုလည်း အမှတ်တရ ရရှိပါသည်။ ထို့ကြောင့် ထိုစာပေနှင့် ထိုအထိမ်းအမှတ် ဖောင်တိန်သည် ကျွန်တော်၏ 'မွေးကံ' နှင့် ဆက်နွှယ်နေသည်ဟု ဖခင်ကြီးက ယူဆသည်ဟု ထင်ပါသည်။ ထို့ကြောင့်ပင် ကျွန်တော် ၅ တန်းရောက်၍ ဖောင်တိန် စတင်ကိုင်တွယ်ရသောအခါ ထိုဖောင်တိန်ကို မှတ်မှတ်ရရ ကျွန်တော့်အား လက်ဆောင်ပေးခြင်း ဖြစ်တန်ရာပါသည်။

ထိုဖောင်တိန်မှာ အိမ်နှင့်အိုးက စိမ်းပြာရောင်ကလေး ဖြစ်ပါသည်။ အဖုံးက ငွေရောင်နှင့် ချိတ်တံမြားကလေးမှာ ရွှေရောင်ဖြစ်ပါသည်။ ကျွန်တော်လည်း ဖောင်တိန် စကိုင်ရသည်ကို အကြောင်းပြု၍ ထိုဖောင်တိန်ကို အလွန်မက်လှပါသည်။ အများသူငါကဲ့သို့ ဖောင်တိန် အသစ်စက်စက် လိုချင်ခဲ့သော်လည်း အဖေ့ဖောင်တိန်မှာ အဖိုးတန်ဖြစ်ကြောင်းကိုလည်း ကြားဖူးနားဝဖြင့် သိနေခဲ့ပါသည်။ ပတ်ကား ၆၁ မို့ ဈေးကြီးကြီး အမျိုးအစားကောင်းကြောင်းမျှသာ သိပါသည်။ စာပေဆုရသော အထိမ်းအမှတ် ဆိုသော တကယ့်တန်ဖိုးတော့ မသိခဲ့ပါပေ။ သို့သော် ထိုဖောင်တိန်ကို

mgyoe.com

mgyoe.com


ကျွန်တော့်မှာ ရက်ပိုင်းသာ ကိုင်ခွင့်ရခဲ့ပါသည်။ တန်ဖိုးအစစ်အမှန်ကိုရော၊ ငွေကြေးတန်ဖိုးကိုပါ သိထားသော ကျွန်တော့်ကြီးတော်ကြီးက လူမမည် ကျောင်းသားကလေးမျှဖြစ်သော ကျွန်တော်နှင့် ထိုဖောင်တိန် မလိုက်ဖက် တန်ရာဟု အကြောင်းပြကာ ပြန်လည်သိမ်းယူသွားပါသည်။ သူ့မောင် ဖြစ်သော ကျွန်တော့်ဖခင်အား အကျိုးအကြောင်းရှင်းပြပြီး ကျွန်တော့်ထက် အတန်းလေးတန်းကြီးပြီး စာလည်းပိုတော်သော ကျွန်တော့်အစ်ကို 'မောင်ဝဏ္ဏ' ကို ပေးအပ်လိုက်ပါတော့သည်။ ထိုကြီးတော်ကြီးက အစ်ကို မောင်ဝဏ္ဏအား အလွန်လည်း ချစ်လေသည်။ ထိုဖောင်တိန်ကိစ္စ ထိုတွင် နိဋ္ဌိတံပါသည်။ ကျွန်တော်ကလည်း ကလေးပီပီ မစွဲလမ်းခဲ့ပါ။ နောက် တစ်ကြောင်းမှာ ကျွန်တော့်အတွက် 'ပိုင်းလော့' ဖောင်တိန်အသစ်တစ်လက် ချက်ချင်းပြန်ဝယ်ပေးသောကြောင့် ဖြစ်ပါသည်။ ကျွန်တော်ကမူ နောက်ပိုင်း တွင် ပိုင်းလော့ဖောင်တိန်ကိုပင် ပို၍ ကြိုက်နှစ်သက်သွားပါသည်။ အကြောင်း မှာ ထိုခေတ်က ကျောင်းသားငယ်များမှာ ဖောင်တိန် ကောင်းမကောင်းကို စားပွဲခုံပေါ် ပစ်ပေါက်စိုက်ကြည့်ခြင်းဖြင့် သက်သေထူတတ်သောကြောင့် ဖြစ်ပါသည်။ မှတ်မိသလောက်ဆိုရပါမူ ထိုခေတ်က ပေါ်ပေါက်ခဲ့သော ဖောင်တိန်အမျိုးမျိုးတွင် 'ဒုတ်' ခနဲမြည်ကာ ဖင်ကလေးခါယမ်းနေအောင် စိုက်သွားတတ်ပြီး စာပြန်ရေးသောအခါတွင်လည်း မူလအတိုင်း ချောမွေ့ နေပါသည်။ ထိုအခါ ကျွန်တော်သည် အဖေလက်ဆောင်ပေးသော စာပေ ဆုရ ပတ်ကား ၆၁ ကို မေ့လျော့သွားတာ မဆန်းတော့ပါချေ။

ကျွန်တော်သည် သူဌေးသားများ အနေများသော စိန့်ပေါလ် ကျောင်းမှ သူဆင်းရဲသားများ အတက်များသော နတ်မောက်စက်မှုလက်မှု ကျောင်းသို့ မိမိအလိုအရ ပြောင်းရွှေ့ပညာသင်ခဲ့ပါသည်။ ထိုအခါတွင်တော့ ကျွန်တော်သည် 'ဝင်စင်' တရုတ်ဖောင်တိန်နှင့် ပေါ်စပြုပြီဖြစ်သော ဘောပင် များကို ဝယ်ယူသုံးစွဲခဲ့ပါသည်။ 'ဝင်စင်' တရုတ်ဖောင်တိန်မှာ စက်မှုပုံဆွဲ ဘာသာရပ်တွင် တစ်ကြောင်းမျဉ်းဆွဲရာ၌ အလွန်သေသပ်လှပသောကြောင့် ဖြစ်ပါသည်။ စာရေးတော့ ဘောပင်ဖြင့်ပင် ရေးပါသည်။ နတ်မောက်ကျောင်း တွင် ကျောင်းဘောလုံးလက်ရွေးစင် ဖြစ်လာခဲ့ပါသည်။ အခြား ပြေးခုန်ပစ် အားကစားများ၌ကား စိတ်မဝင်စားလှပေ။

mgyoe.com

mgyoe.com


သို့သော် တစ်နှစ်တွင် တန်းမြင့်ခုန်ပြိုင်ပွဲ၌ သူငယ်ချင်းတစ်ယောက် နေမကောင်းသဖြင့် 'ကျန်စစ်သားအသင်း'အတွက် လူစားဝင်ပြီး ပြိုင်ရာ ပထမရပါသည်။ ထိုအခါ ဆုအဖြစ် မိန်းမကိုင်ပတ်ကား ၄၅ တစ်လက် ချီးမြှင့်ခံရပါသည်။ ပတ်ကားဖောင်တိန်သည် ကျွန်တော့်ဘဝထဲ တစ်ပတ် လည်၍ ဝင်လာပြန်ပါသည်။ သို့သော် ကျွန်တော်က ထိုဖောင်တိန်ကို မသုံး ဘဲ ဆုရအထိမ်းအမှတ် သိမ်းထားလိုက်ပါသည်။ ထိုဖောင်တိန်ကလေးကား အဖုံးရောအိမ်ပါ နီညိုရောင်ဖြစ်ပြီး တစ်လက်လုံး ပလတ်စတစ်ဖြစ်ပါသည်။ ပတ်ကားမှုမပျက်တာဆိုလို့ ချိတ်မြားကလေးသာ ရွှေရောင်သတ္တုသား ဖြစ်ပါ သည်။ ထိုကာလမှာပင် ကျွန်တော့်ညီ မောင်ဉာဏ်ပေါ် (နောင် စာရေးဆရာ မင်းလူ) သည် ရှစ်တန်းအောင်မြင်ပါသည်။ ထိုအခါ အမှတ်တရအဖြစ် ကျွန်တော် သိမ်းထားသော အားကစားဆုရ ပတ်ကား ၄၅ ဖောင်တိန်ကလေး အား ညီငယ်ထံ လက်ဆောင်တစ်ဆင့် ပါးလိုက်ပါသည်။ သည်နေရာမှာ ရယ်စရာကလေး ပြောရပါမည်။ တစ်နေ့တွင် 'မင်းလူ' သည် မြို့ထဲမှ ဘတ်စ ကားဖြင့် နောက်ပေါက်တွဲလောင်းခိုရင်း ပြန်လာခဲ့ရာ အနီးရှိ လူငယ် တစ်ယောက်က ထိုပတ်ကားဖောင်တိန်ကို ခါးပိုက်နှိုက်လိုက်လေသည်။ ထိုဖောင်တိန်၏အဖုံးမှာ အရစ်ဖြင့်ပိတ်ရသည် မဟုတ်ဘဲ သည်အတိုင်းစွပ်၍ ပိတ်ရသည်ဖြစ်လေရာ ခါးပိုက်နှိုက်လက်ထဲသို့ အဖုံးချည်းသက်သက် ပါသွား ပါတော့သည်။ ထိုကိစ္စကို 'မင်းလူ'ကလည်း သိလိုက်လေသည်။ ထိုအခါ 'မင်းလူ'က အောက်ပါအတိုင်း ခါးပိုက်နှိုက်အား တုံ့ပြန်ပါတော့သည်။

"ဒီမှာ ဘော်ဒါ… အချင်းချင်း မလုပ်ကောင်းပါဘူး။ ငါက နတ်စင် ဘော်ထောက်ရပ်ကွက်က 'ခါး' ပါ။ မင်းက ဘယ်အပိုင်းကလဲ။ ဒီတော့ နံဘေးလူမရိပ်မိခင် ငါ့ဖောင်တိန်အဖုံး သူ့နေရာတကျ ပြန်စွပ်ပေးကွာ" ဟူ၍ ပင် ဖြစ်ပါသည်။ ဟိုခါးပိုက်နှိုက်ခမျာလည်း 'မင်းလူ' အား သူ့လိုပင် ခါးပိုက် နှိုက်ထင်၍ ဖောင်တိန်အဖုံးကို နေရာတကျ အသာအယာ ပြန်စွပ်ပေးသွား လေတော့သည်။

ဪ… ထိုစဉ်က 'မင်းလူ' မဖြစ်သေးသော 'ကိုဉာဏ်ပေါ်' သည် ပြုံးတုံ့တုံ့စာတွေရေးတော့မည့် စာရေးဆရာ မင်းလူ၏ အတိတ်နိမိတ် မီးခဲ တရဲရဲ အလောင်းအလျာပါပဲ ဆိုသည်ကို ပြသခဲ့ပါသည်။ ကျွန်တော်သည်

mgyoe.com

mgyoe.com


စာပေနယ်သို့ရောက်သောအခါ ထိပ်တန်းဘောပင်မျိုးစုံကို ကိုင်တွယ်ရပါတော့သည်။ စာရေးဆရာတို့ ဘောပင်မျိုးစုံကို ကိုင်ရသည်ဟု မဆိုလိုပါပေ။ ဖြစ်နိုင်ရင် စာရေးဆရာဟူသည်မှာ ကလောင်တံ၊ ဘောပင် သို့မဟုတ် ထိပ်တန်းတစ်မျိုးတည်းတွင် စာရွက်တစ်သမတ်တည်းသာ သုံးစွဲချင်ပါမည်။ မိမိ၏အတွေး၊ အရေးတို့ကို စဉ်ဆက်မပြတ် အလျဉ်မိစေရန် စာရွက်နှင့် သုံးနေကျ ကလောင်က အရေးပါလှပါသည်။ သို့သော် ခေတ်အလျောက် ပေါ်ပေါက်လာသော ကောင်းနိုးရာ ဘောပင်များနောက်သို့လည်း လိုက်တန်ကလိုက်ရပါသည်။ ဈေးချိုသာမှုပေါ်မူတည်၍လည်း သူနှင့်လိုက်ဖက်သော ဘောပင်ကို သုံးစွဲရပြန်ပါသည်။ ထို့ကြောင့် ဘောပင်၊ ဖောင်တိန် အမည်မည် ဖြစ်သွားတတ်ပါသည်။ အကောင်းစား 'ဘောပင်' 'ဖောင်တိန်' မှာလည်း ဗီရိုထဲ ရှိနေတတ်ပြန်သည်မှာ လက်ဆောင်အဖြစ် ပေးပို့ကြရာ၌ ကာယကံရှင်မှာ စာရေးဆရာဖြစ်နေသောကြောင့် အကောင်းဆုံး အမှတ်တရပစ္စည်းမှာလည်း 'ဖောင်တိန်' နှင့် 'ဘောပင်' သာ ဖြစ်နေပါသည်။ စကားမစပ်ပြောရပါလျှင် တစ်လောဆီက ကျွန်တော့်ထံ မင်းလူက တရုတ်နိုင်ငံလုပ် 'ဖောင်တိန်' ရွှေရောင်တစ်လက် လက်ဆောင်ပေးပို့ပါသည်။ စုံစမ်းကြည့်သောအခါ တရုတ်ကုန်တိုက်တစ်ခုတွင် ပြန်လည်ရောင်းချနေသော ကျွန်တော် ငယ်ငယ်ကကြိုက်ခဲ့သည့် 'ဝင်စင်' အမျိုးအစားဖြစ်နေသဖြင့် 'မင်းလူ' စိတ်ကူးနှင့် မှတ်ဉာဏ်သတိတရရှိမှုကို ချီးကျူးအသိအမှတ်ပြုရ ပြန်ပါသည်။

သည်လိုနှင့် 'ကလောင်တံ' သံသရာထဲ ဝဲလည်နေခဲ့ရာမှ မှတ်မှတ်ရရပင် 'ပတ်ကား' အမျိုးအစား ကလောင်တံတစ်ချောင်း ကျွန်တော့်စာပေဘဝထဲ ပြန်ဝင်လာပြန်ပါသည်။ ဖခင် 'ဆရာသာဓု'၏ ပတ်ကားဘောပင်ပင် ဖြစ်နေပြန်ပါသည်။

ဤသို့ တစ်ပတ်လည်ဆက်နွယ်မိပါသည်။

၁၉၉၁ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ဖခင်ကြီး ကွယ်လွန်ပါသည်။ စာရေးဆရာကြီး ကွယ်လွန်သောအခါ ငွေကြေးခနေ စိန်ရွှေဥစ္စာတိုက်တာ ခမ်းနားမြောက်မြားစွာ မထားရစ်နိုင်ရှာခဲ့ပါ။ ရပ်ရှင်ဒါရိုက်တာ၊ ကုမ္ပဏီပိုင်ရှင် တစ်ယောက်အနေနှင့်မူ ခြံမြေအနည်းငယ် ကျန်ရစ်ပါသည်။ ဆိုကြပါစို့။ ကျွန်တော်တို့အတွက် ပညာအမွေ ချန်ထားရစ်ပါသည်။ ပစ္စည်းအမွေလည်း

mgyoe.com

mgyoe.com


ကျွန်တော်တို့ မလိုအပ်ပါပေ။ သို့ရာတွင် ကျွန်တော့်အတွက်မူ ပစ္စည်းအမွေ အချို့ကို မက်မက်မောမောရှိခဲ့တာ အမှန်ဟုဝန်ခံရပါမည်။ ကျွန်တော့်လက်ပေါ် ကွယ်လွန်သောကြောင့် ဖခင်ကြီးထံမှ ကျွန်တော် တရားဝင် အမွေပစ္စည်း သုံးခု တောင်းဆိုခဲ့ပါသည်။ နားကြပ်ကိရိယာ၊ စိန်ပေါက်ကြယ်သီးနှင့်၊ ပတ်ကားဘောပင်တို့ ဖြစ်ပါသည်။ ကျွန်တော်ကိုယ်တိုင်က နားလေးပါသည်။ လည်ကတုံးရှပ် အမြဲဝတ်ပါသည်။ အဖေ့ နောက်ဆုံးအချိန်များမှာ ရေးခဲ့သော ဘောပင်ဖြင့် ကျွန်တော်က ထိုအချိန်မှစပြီး စာရေးတော့မည်ဟု စိတ်ကူးရပါသည်။ အဖေကလည်း ထိုပစ္စည်းသုံးမည်ကို လိုလိုလားလား အမွေပေးခဲ့ပါသည်။ ကျွန်တော် 'သုမောင်' ကလည်း အဖေကွယ်လွန်ချိန်မှစ၍ စာပေများကို 'သာခု'၏ ပတ်ကားဘောပင်ဖြင့်သာ ရေးခဲ့ပါတော့သည်။ သဘောမှာ 'သာခု'၏ ဘောပင်ဖြင့် 'သုမောင်'၏ 'စာပေ'များကို ဖန်တီးခြင်းပင်။ မည်သူက မည်သို့ပင် အထင်ရှိစေကာမူ ကျွန်တော့်အနေနှင့်မူ ထိုကိစ္စမှာ စာရေးတိုင်း အရသာတစ်မျိုးရှိခဲ့ပါသည်။ အရပ်စကား ဇာတ်စကားဆိုရပါမူ 'နတ်စီး'သည်ဟု သုံးသပ်ကြပါလိမ့်မည်။

သို့သော် တစ်နေ့သောအခါတွင် 'သုမောင်' တယုတယ ကိုင်တွယ်နေသော 'သာခု'ဘောပင်သည် မတော်တဆ ပျောက်ရှသွားပါတော့သည်။ လမ်းထွက်လျှင် အိတ်ထဲ ဘောပင် စသည် ထည့်မသွားတတ်သောအကျင့်ကြောင့် တစ်ခါတွင် အမှတ်မဲ့ဆိုသလို ထိုဘောပင်ကို အင်္ကျီအိတ်ထဲ ချိတ်သွားမိရာက တစ်နေရာရာမှာ သတိမေ့ကျန် ပျောက်ဆုံးသွားခြင်း ဖြစ်ပါလိမ့်မည်။ မည်သို့ပင်ရှိစေ... ထိုကိစ္စသည် ကျွန်တော့်အတွက် ရေးကြီးခွင့်ကျယ် မဟာပျောက်ဆုံးမှုကြီးဟု ဆိုရပါတော့မည်။ အကြောင်းကား ထိုဘောပင်သည် သာမန်ကာလျှံကာ မဟုတ်ပါ။ ပတ်ကားဘောပင် ဖြစ်သည်။ စာရေးဆရာကြီး 'သာခု၏ နောက်ဆုံးလက်ရေး' ကို ဖော်ကျူးသွားသော 'ကလောင်တံ' ဖြစ်ပါသည်။ တစ်နည်းဆိုရသော် ဖခင်၏အမွေအနှစ်ဖြစ်ပါသည်။ ရိုးရိုးအမွေမဟုတ် စာပေအမွေ၊ စာရေးဆရာကြီးက စာရေးဆရာငယ်အား ပေးအပ်ခဲ့သော စာပေဖန်တီးဖို့ရာ 'ကလောင်အမွေ' ဖြစ်ပါသည်။ ခုတော့ ဆရာ 'သာခု'၏ ကလောင်မှာ ဆရာ 'သုမောင်' ကြောင့် ပျောက်ဆုံးခဲ့ရလေပြီ။

mgyoe.com

mgyoe.com


ရောက်တတ်ရာရာ နေရာများသို့ ကျွန်တော် အလီလီ ရှာဖွေပါသေးသည်။ သို့သော် 'သာဓု' ဘောပင်ကား စုပ်စမြုပ်စ ပြန်မရတော့ပါပေ။ နောက်ဆုံး ခြေကုန်လက်ပန်းကျသွားသောအခါ နှမြောတသစွာဖြင့်ပင် ထိုအကြောင်းကို 'ကလောင်တံ' လွမ်းချင်းစာတစ်ပုဒ် ကျွန်တော် ရေးထုတ်ဖွင့်အန်လိုက်ရပါတော့သည်။ ကျွန်တော့်အပြစ်ကို ကျွန်တော် ဝန်ခံရင်း ဘဝတစ်ပါးမှ ဖခင်ကြီးအား ဝန်ချတောင်းပန်ရပါတော့မည်။ ခံစားချက်ပြည့်ဝသောကြောင့်ပင် ဖြစ်ပါလိမ့်မည်။ 'သာဓုဘောပင်' ဟု အမည်ကင်ပွန်းတပ်လိုက်သော ထိုစာစုကလေးကို ဖတ်ရသူအပေါင်းက နှစ်ထောင်းအားရ ဝမ်းနည်းဝမ်းသာ ခံစားကြရကြောင်း ပြန်လည်ကြားသိရပါသည်။ ကျွန်တော့်မှာလည်း ပီတိနှင့်ယှဉ်၍ မျက်ရည်လည်ရပြန်ပါသည်။ ထိုစဉ်ကာလမှာပင် အောက်ဖော်ပြပါ ဖြစ်ရပ်နှစ်ခု ဆက်တိုက် ဖြစ်ပေါ်လာပါသည်။

တစ်ခုကား အမေရိကန်နိုင်ငံတွင် အခြေချ နေထိုင်နေသော အမေစာရေးဆရာမကြီး (ဒေါ်) ပတ္တမြားခင်ထံမှ ကျွန်တော့်ထံသို့ စာတစ်စောင်နှင့် လက်ဆောင်ဘူးတစ်ဘူး ရောက်ရှိလာခြင်းပင်။ စာပါအကြောင်းအရာမှာ ကျွန်တော့်စာစုကို ဖတ်ရသောကြောင့် သူ့မှာ ခံစားချက်နှင့်အတူ ပီတိဖြစ်ရပါကြောင်း၊ ကိုယ်ချင်းစာရပါကြောင်း၊ ထို့ကြောင့် သူ့မိတ်ဆွေ ဆရာသာဓုကိုယ်စား သူ့အား ကျွန်တော်က စာပေမိခင်အဖြစ် သဘောပိုက်စေလိုကြောင်းနှင့် ထို့အတွက် ကျွန်တော်စာပေများ ရေးသားနိုင်ရန် ပတ်ကားဘောပင်တစ်ချောင်း လက်ဆောင်ပါးလိုက်ပါကြောင်း စသည်ဖြင့် ဖြစ်ပါသည်။ ပူးတွဲပါ လက်ဆောင်ဘူးကလေးကို ဖွင့်လိုက်သောအခါ တစ်လက်လုံး ရွှေရောင်ဝင်းနေသည့် နောက်ဆုံးပေါ် ပတ်ကားဘောပင်တစ်ချောင်း ဖြစ်နေပါတော့သည်။ သည်မှာတွင် 'စာပေစိတ်'နှင့် 'မိခင်စိတ်'တို့၏ သဘောသရုပ်မှန်ကို ကျွန်တော် ဖျတ်ခနဲ မြင်တွေ့လိုက်ရသဖြင့် ဝမ်းသာကြည်နူးသွားရပါသည်။

တစ်ဆက်တည်းမှာပင် ထိုအတောအတွင်း ကျွန်တော့်ထံ ရောက်ရှိလာသော အကြောင်းကြားမှုတစ်ခုကြောင့်လည်း ဝမ်းနည်းအားငယ်ရပုံလေး ပြောပြချင်ပါသေးသည်။ ယင်းသည်ကား...

ကျွန်တော်၏ 'သာဓုဘောပင်' စာစုပါ မဂ္ဂဇင်းအယ်ဒီတာထံသို့

mgyoe.com

mgyoe.com


ပြင်ပမှာပင် အခြေချနေထိုင်သော ခရီးသွားဆောင်းပါးရှင်တစ်ဦးသည် တယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့ပါသည်။ ကျွန်တော်၏စာစုနှင့်ပင် ပတ်သက်၍ ဖြစ်ပါသည်။ ထိုသူသည်လည်း ကျွန်တော့်စာမူနှင့်ပတ်သက်၍ စိတ်မကောင်း ဖြစ်ရရှာပါသည်။ သို့သော် သူက အယ်ဒီတာထံ ဆက်သွယ်၍ ကျွန်တော့်ထံ အကြောင်းကြားခိုင်းပုံမှာ…


"ဆရာသုမောင်ကို ပြောပေးပါ။ ဒါလောက်လည်း စိတ်ညစ်မနေပါနဲ့။ ဒီမှာဆိုရင် ပတ်ကားဆောပင်တွေ အလွန်ပေါပါတယ်။ ဘာအရောင် ဘယ်နှဒါဇင်လိုသလဲ လက်ဆောင်အဖြစ် ပို့ပေးလိုက်ပါမယ်" ဟူ၍ ဖြစ်ပါသည်။ ကံကောင်းသွားပါသည်။ ဖုန်းလက်ခံသူ အယ်ဒီတာက နားလည်မှုရှိစွာ ကျွန်တော့်ကိုယ်စား ကျေးဇူးတင်စကားဖြင့် ငြင်းပယ်လိုက်သောကြောင့်ပင် ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်မှာလည်း ရိုးရိုးကြီးပင် စာနာစိတ်ဖြင့် ဆက်သွယ်လာခြင်းဟု ကျွန်တော် ယုံကြည်နေပါသည်။

**၁၃၊ ၃၊ ၂၀၀၉၊ ၅၈ နှစ်မြောက်မွေးနေ့**
**မဟေသီ၊ ဇွန်၊ ၂၀၀၉**

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# သံတံခါးများ

ကျွန်တော်သည် သားဦး သမီးကြီး ကိုယ်ဝန်တည်ပြီဟု ဆေးမှတ်တမ်းချက်ရလျှင်ရချင်း ယခုနေထိုင်သောအိမ်ကို အုတ်မြစ်ချခဲ့ပါသည်။ ငွေကြေး မပြည့်စုံသေးသည်တစ်ကြောင်း၊ ထိုစဉ်က ကျွန်တော်က ဖခင်ကြီးနှင့်အတူ ဝင်ဒါမီယာ သာစုခြံတွင် နေထိုင်နေသည် တစ်ကြောင်းကြောင့် သဃ်န်းကျွန်း သာစုခြံတွင် ကိုယ်ပိုင်ဆောက်လုပ်သည့် ယခုအိမ်ကို တဖြည်းဖြည်းချင်း အကောင်အထည် ဖော်ခဲ့ရပါသည်။ ကံကောင်းထောက်မစွာပင် ထိုစဉ်က ၁၉၈၀ ဝန်းကျင်က စာပေဟောပြောပွဲများ လက်မလည်အောင် လိုက်ပါ နေခဲ့ရရာ အလုပ်ရုံ၊ စက်ရုံ၊ ဟောပြောပွဲများတွင် ထုံးစံအတိုင်း အကျီစ၊ လုံချည်စများ လက်ဆောင်ရသည့်အပြင် စက်ရုံ၊ အလုပ်ရုံအလိုက် ထုတ်လုပ်သော ကုန်ပစ္စည်းများကို အစိုးရဈေးဖြင့် ဝယ်ယူခွင့်ပါမစ်များလည်း ရရှိခဲ့ပါသည်။ ထိုအခါ အုတ်စက်ရုံမှ အုတ်ပါမစ်၊ ကျောက်ပြားစက်ရုံမှ၊ ဂုန်နီစက်ရုံမှ၊ ဘိလပ်မြေစက်ရုံမှ၊ ပရိဘောဂစက်ရုံမှ၊ သစ်ထုတ်လုပ်ရေးစက်ရုံမှ စသဖြင့် အိမ်ဆောက်ပစ္စည်းပါမစ်များ ရရှိလေရာ ဆောက်လက်စ ကျွန်တော့်အိမ်အတွက် များစွာအထောက်အကူ ရသွားပါသည်။ (ထိုစဉ်က ဆိုရှယ်လစ်စနစ်ခေတ် ဖြစ်သောကြောင့် အိမ်ဆောက်ပစ္စည်းများ မှောင်ခိုမှ

mgyoe.com

mgyoe.com


ဝယ်လျှင် ဆယ်ဆမျှ ဈေးပိုပါသည်)

ဤသို့အားဖြင့် ကျွန်တော်၏အိမ်ကလေးမှာ အစိုးရငွေဖြင့် ဆောက်လုပ်ပြီးစီးသွားပါသည်။ တစ်နည်းအားဖြင့် စာပေဟောပြောပွဲများမှ ရရှိသော လက်ဆောင် 'ပါမစ်' များ ကျေးဇူးကြောင့် ကျွန်တော့်အိမ်ကို 'စာရေးဆရာအိမ်' ဟု ကိုယ့်ဘာသာ ကင်ပွန်းတပ်နိုင်ခဲ့လေသည်။ ကျွန်တော်တို့၏ 'သာစုအုပ်စု' သဃ်္ချိုင်းကျွန်းခြံကြီးမှာ ကျယ်ဝန်းသလောက် လူနေအိမ်ခြေလည်း များပြားပါသည်။ ဖခင်ကြီးမှာ ရုပ်ရှင်လုပ်ငန်းလုပ်ကိုင်ခဲ့ရာ သူတို့ခေတ်ထုံးစံအတိုင်း အလုပ်သမားများကို ခြံထဲမှာပင် အိမ်ခန်းတန်သည်၊ တဲတန်းလျားတန်သည်ဖြင့် နေထိုင်စေပါသည်။ နှစ်ဖက်ဆွေမျိုးများကိုလည်း ခြံထဲမှာပင် အလျဉ်းသင့်သလို နေစေပါသည်။ သဘောမှာ 'သာစုခြံ' သည် လူတန်းစားပေါင်းစုံနေထိုင်သော ရွာကြီးတစ်ရွာကဲ့သို့ ဖြစ်နေခဲ့ပါသည်။

ကျွန်တော်သည် ကိုယ်ပိုင်အိမ်ပြီးစီး ရုပ်လုံးပေါ်သွားသော်လည်း ဖခင်ကြီး၏ကျန်းမာရေးကြောင့် ဝင်ဒါမီယာမှာပင် ဆက်၍နေထိုင်ခဲ့ရပါသည်။ ၁၉၉၁ ခုနှစ်၊ ဖခင်ကြီး အသည်းအသန်ဖြစ်သောအခါ ဖခင်ကြီး၏ ဆန္ဒအတိုင်း ကျွန်တော်၏ ကိုယ်ပိုင်အိမ်သို့ ပြောင်းရွှေ့ပါသည်။ "မင့်အိမ်မှာ လိုက်သေချင်တယ်ကွာ၊ သဃ်္ချိုင်းကျွန်းခြံက ငါ့အမေနဲ့ အစ်မခေါင်းချခဲ့တဲ့ နေရာကိုး"ဟု အဖေက သူ့ရောဂါ သူသိသွားသောအခါ ပြောရှာပါသည်။ အလုပ်သမားအိမ်များ၊ ဆွေမျိုးသားချင်းတဲများနှင့် စည်ကားနေသော သာစုခြံမှာ ခြံစည်းရိုးမရှိပါ။ ခြံဝင်းပတ်လည် စည်းရိုးမရှိသလို မိမိနေထိုင်ရာ အိမ်ဝင်းအတွက်လည်း ကန့်သတ်စည်းရိုးများမရှိပါ။ သည်လိုပဲ ပေါက်သောက်စည်းစည်းလုံးလုံး နေထိုင်ခဲ့ကြရာ ကျွန်တော့်အိမ်ဝင်းကိုလည်း စည်းရိုးမခတ်တော့ပါ။ ဖခင်ကြီးကွယ်လွန်ပြီး မကြာမတင်မှာပင် စီမံကိန်းဟူ၍ သာစုခြံတစ်ဝက်ကို အထပ်မြင့်အိမ်ရာများဆောက်လုပ်ရန် အခြေအနေ ဖြစ်ပေါ်လာပါသည်။ ကံကောင်းသွားတာက ခြံတစ်ဝက်၊ စီမံကိန်းထဲပါသွားသော်လည်း အမေ့အိမ်၊ ကျွန်တော့်အိမ် စသည် သွေးရင်းသားရင်းအိမ်များမှာ စီမံကိန်းမြေဘက်မပါဘဲ ကျန်ရစ်ခဲ့ခြင်း ဖြစ်ပါသည်။ အိမ်ရာစီမံကိန်းတို့ ထုံးစံအတိုင်း တိုက်ခန်းများ အုတ်မြစ်မချမီမှာပင် သွပ်ပြားဝင်းခတ်ပါသည်။ ထိုသွပ်ပြားစည်းရိုးတစ်ဖက်သည် ကျွန်တော့်အိမ်၏ အနောက်ဘက်မှ

mgyoe.com

mgyoe.com


ဖြတ်သန်းကာရံထားပါသည်။ သဘောမှာ ကျွန်တော့်အိမ်၏ အနောက်ဘက်မျက်နှာစာသည် အလိုလို ခြံစည်းရိုးကာမိသလို ဖြစ်သွားပါသည်။ ကျွန်တော့်အိမ်အရှေ့ဘက်မှာက တရုတ်ကုန်သည်ခြံရှိရာ သူတို့က အုတ်တံတိုင်း ကာထားသဖြင့် ကျွန်တော့်အိမ်ဝင်းမှာ အနောက်ဘက်နှင့် အရှေ့ဘက် ခြံဝင်းကာပြီးသွားသလို ဖြစ်သွားပါသည်။ တောင်ဘက်နှင့် မြောက်ဘက်ကား ဟောင်းလောင်းဟင်းလင်းပါတည့်။ ပြုံးချင်စရာကောင်းသော သဘာဝအုပ်စုပင်။ နောင်နံဘေးအိမ်ရာ စီမံကိန်းများပြီးစီးသောအခါ သူတို့ကာရံထားသော သွပ်ပြားများကို ပြန်ခွာကြပါသည်။ ထိုအခါ ကျွန်တော်က ကျသင့်ငွေ (လျှော့ဈေး) ဖြင့် ကျွန်တော့်နေရာမှ သွပ်ပြားများကို သည်အတိုင်းမခွာဘဲ ထားစေလိုက်ပါသည်။ ခြံစည်းရိုးလိုကာပြီးသား ဖြစ်သွားပါသည်။ တစ်ခုရှိတာက ကျွန်တော်သည် အိမ်ခြံမြေကိစ္စတွင် လူကြည့်ခံသော ဣန္ဒြေရရပုံစံမျိုးကို ခံစားတတ်ပါသည်။ ကျွန်တော်၏အိမ်မှာ ဘုန်းကြီးကျောင်းဆန်ဆန်၊ အင်္ဂလိပ်ဘန်ဂလိုဟန်ပန် ဆောက်ထားရာ ခြံစည်းရိုးကိုလည်း ကျက်သရေရှိစေချင်သည်။ ထို့ကြောင့် အိမ်နောက်ဘက်လမ်းမတန်း သွပ်ပြားအကာအရံများကို သွပ်ပြားထိပ်ပိုင်း အချွန်ကလေးများညှပ်ပြီး သွပ်ပြားကို အစိမ်းပုပ်ရောင် ဆေးသုတ်ပါသည်။ ထိုအခါ ကျွန်တော်ငယ်စဉ် ကျောင်းသွားကျောင်းပြန်တိုင်း မျက်စိကျခဲ့သော 'ဗြိတိသျှသံအမတ်ကြီးအိမ်တော်' ခြံဝင်းနှင့် တူသွားပါတော့သည်။ ငွေကုန်ကြေးကျလည်းသက်သာ၊ သပ်သပ်ရပ်ရပ်လည်း ဖြစ်သွားဆိုသလိုပင်။ ကျွန်တော်၏ မော်တော်ကား အဝင်အထွက်ကို ယင်းသွပ်ပြား ဝင်းထရံမှ ပြုလုပ်ရလေရာ သံတံခါးတပ်ရပါသည်။ လုပ်ပြီးသား လေးထောင့်ကွက် သံတံခါးတစ်ခု ဝယ်တပ်ပါသည်။ ခြံဝင်းကလေးမှာ ထိုအခါမှ ပိုပြီးပြည့်စုံသွားသလို ဖြစ်ပါသည်။ သို့သော် မော်တော်ကား အဝင်အထွက်ကများလေရာ ခဏခဏ အဖွင့်အပိတ်လုပ်ရပါများတော့ အလုပ်ရှုပ်သလို ဖြစ်ရပါသည်။ ထို့ကြောင့် တစ်နေကုန် ဝင်းတံခါး ဖွင့်ထားလိုက်ပါသည်။ ထိုအခါကျပြန်တော့လည်း ဧည့်သည်စောင်သည်အစ အလျှုခံအလယ်၊ ခွေးလေခွေးလွင့်တွေပါ ဥဒဟို ဝင်ထွက်နေကြရာ သံတံခါးသည် အပိုသက်သက် ဖြစ်နေပြန်ပါသည်။ ရယ်စရာပြောရလျှင် တစ်ခါသော် သမီးရည်းစားစုံတွဲနှစ်ယောက် ဘာမပြော၊ ညာမပြောနှင့် ခြံထဲ ဝင်လာပါ

mgyoe.com

mgyoe.com


သည်။ ကျွန်တော်က ခြံထဲဆင်း စာရေးချိန် ဖြစ်ပါသည်။

"ကန်တော့နော် ဦးသု၊ ကျွန်တော့်ကောင်မလေး မအောင့်နိုင် မအည်းနိုင်ဖြစ်နေလို့ အိမ်သာဝင်ချင်လို့ပါ" ဟု ကောင်ကလေးက ခွင့်တောင်းနေစဉ် ကောင်မလေးမှာ အိမ်ဝရောက်နေပေပြီ။ နောင်မှသိရသည်မှာ သူတို့စုံတွဲသည် ခြံနောက်ဖေး 'ရွှေနားပန်' စေတီသို့ သစ္စာထားရန် လာကြခြင်းဖြစ်ပါသတဲ့။ ထိုအခိုက် အာဝေနိကဒုက္ခ တစ်မျိုးပေါ်လာသဖြင့် ဖွင့်ထားသော ကျွန်တော့်သံတံခါးမှ ဖွတ်ဝင်လာခြင်း ဖြစ်ပါသည်။ သည်တော့လည်း သံတံခါးကို ပြန်၍ပိတ်ထားရပြန်သည်။ ကားအဝင်အထွက်ရှိလျှင် ဖွင့်ပိတ်၊ ဧည့်သည်စောင်သည်လာလျှင် ဖွင့်ပိတ်၊ အလှူခံ စသည်လာလျှင် သံတံခါးအတွင်းမှ လက်လျှို၍လှူ လုပ်ရပါတော့သည်။ သို့သော် ထိုကိစ္စများအတွက် စောင့်ပြီးဆောင်ရွက်ဖို့ အိမ်မှာ လူပိုမရှိပေ။ သံတံခါးနှင့် မျက်နှာချင်းဆိုင် ဆင်ဝင်အောက်တွင် အမြဲတမ်း စာရေးစာဖတ်လုပ်နေသော ကျွန်တော့်တာဝန်ဖြစ်သွားပါတော့သည်။ ကြာသော် စိတ်ညစ်လာပါသည်။ အကြောင်းမှာ ကျွန်တော်မတွေ့ချင်သော ပုဂ္ဂိုလ်များနှင့် သံတံခါးအကွက်ကြားမှ မျက်နှာချင်းဆိုင်ရသောကြောင့်ပင်။ ထိုအခါ ကျွန်တော်သည် အကွက်ကျဲ သံတံခါးကို သွပ်ပြားဖြင့် ပိတ်ရပါသည်။ ဘယ်သူ့ ဘယ်သူမှ မမြင်ရတော့ပေ။ စကားမစပ် ပြောရပါလျှင် ကျွန်တော့်မှာ ငယ်ကတည်းက ရောဂါတစ်ခုရှိသည်။ လမ်းလျှောက်ဈေးသည်များ၊ တောင်းရမ်းစားသောက်သူများ၊ အမှိုက်ကောက်သူများကိုမြင်လျှင် စိတ်မချမ်းသာခြင်းဖြစ်သည်။ ကျွန်တော့်ခြံနံဘေးမှာက 'သာခုအိမ်ရာ' တိုက်ခန်းတွေရှိသဖြင့် လူသူမျိုးစုံက ကျွန်တော့်ခြံရှေ့ဖြစ်နေကြသည်။ စာရေးစာဖတ်လုပ်နေသော ကျွန်တော့်အဖို့ ရိုးရိုးပြောရလျှင် ထိုမြင်ကွင်းမျိုးကို မခံစားနိုင်ပါ။ ထို့ကြောင့် သံတံခါးကို သံပြားပိတ်လိုက်တော့ မျက်စိသက်သာသွားပါသည်။

သို့သော် ကားအဝင်အထွက်အတွက် သံတံခါးအပိတ်အဖွင့် လုပ်ရတာ မထောင်းတာလှသော်လည်း ခြေလျင်လာသော ဧည့်သည်ကို မမြင်ရသဖြင့် သံတံခါးဟဟကြည့်ရတာ အလုပ်ပိုပြန်သည်။ မိမိအတွက် အကျိုးရှိသော ဧည့်သည်ဖြစ်ပါက သံတံခါးမကြီး ဖွင့်ပေးရ၊ ပြန်ပိတ်ရ အလုပ်ပိုပြန်သည်။ ထို့ကြောင့် သံတံခါးမကြီးဘေးတွင် လူဝင်လူထွက်နိုင်ရန်

mgyoe.com

mgyoe.com


သံတံခါးငယ်တစ်ခု လုပ်ရပြန်ပါသည်။ ခေါင်းလောင်းတပ်ရပြန်ပါသည်။ သည်လိုတော့လည်း အတော်အဆင်ပြေသွားပါသည်။ သို့သော် ကျွန်တော့် ခြံဝင်းတွင် သံတံခါးတစ်ခု ပိုသွားပါပြီ။ ထို့ကြောင့် ညအခါ သော့နှစ်လုံး ခတ်ရတော့သည်။

လောကသဘာဝကလည်း တစ်ခါတစ်ခါ ထူးထူးဆန်းဆန်း ဖြစ်တတ်သည်။ ကျွန်တော်သည် အိမ်မြောက်ဘက် (အိမ်နောက်ဖေး) ဘက်ကို ဟောင်းလောင်းထားခဲ့ပါသည်။ အိမ်နောက်ဖေးဘက်တွင် ကျွန်တော့် မိထွေးနှင့် ညီမိသားစုရှိသောကြောင့် ဝင်းထရံပိတ်ကာလျှင် ရင်းနှီးမှု သံယောဇဉ်ကို လျော့ပါးသွားစေသလို ဖြစ်မှာစိုးသောကြောင့် ဖြစ်၏။ သို့သော် ခြံနောက်ဖေးသည် ရပ်ကွက်ထဲ တိုးလျှိုပေါက်နေသဖြင့် အပြင်လူတွေ အဝင်အထွက် ရှိနေပြန်သည်။ သည်အခါတော့ လုံခြုံရေးပါထိခိုက်နိုင်သဖြင့် မတတ်သာသည့်အဆုံး နောက်ဖေးဘက်ကိုလည်း သွပ်ထရံ ကာရပြန်သည်။ ပြဿနာမှာ ပြုံးချင်စရာလည်း ကောင်းပြန်၏။ ကျွန်တော်နှင့် ဘယ်လိုမှ ဆွေမျိုးစပ်၍ မရနိုင်သော ကလေးငယ်ကြောင့် ဖြစ်သည်။ ကျွန်တော့်မိထွေးနှင့် သူ၏ နောက်အိမ်ထောင်မှမွေးသော သားသမီးများက ကျွန်တော့်ကို ချစ်ခင်နေကြခြင်းပင်။ ထို့ထက်ကား သူတို့ကမွေးသော လူမမည်ကလေးများက 'ဘဘ ဦးလေး' ဟူ၍ မပီကလာဖြင့် ကျွန်တော့်ကို အလွန်ချစ်ခင်နေကြခြင်းဖြစ်၏။ အစကတော့ ဘယ်လို ဆွေမျိုးတော်ရမှန်း မသိ ဒူးမနာမြေးများကို သွပ်ပြားထရံကျော်ပြီး မုန့်ပဲသရေစာပေးပါသည်။ နောင် သူတို့လမ်းလျှောက်တတ်လာသောအခါ ကျွန်တော့်အိမ်သို့ ဝင်ထွက်ကြပါသည်။ ထိုအခါ လမ်းမတန်းဘက်မှ ကွေ့ပြီးလာကြရခြင်း ဖြစ်ရာ မော်တော်ကားအန္တရာယ် ရှိပါသည်။ ကလေးတွေကလည်း ကျွန်တော့်ဆီ တစ်နေ့နှစ်ခေါက်လောက် မုန့်စားလာကြလေရာ နောက်ဆုံး နောက်ဖေး သွပ်ထရံကိုလည်း အပေါက်ဖောက်၍ သံတံခါးအသေးလေး တပ်ပေးလိုက်ရပါတော့သည်။ ထိုအခါ ကျွန်တော့် ခြံဝင်းသည် သံတံခါးသုံးခု သော့သုံးလုံး ဖြစ်သွားပါတော့သည်။

ကျွန်တော်သည် အိမ်ရှေ့ (အိမ်၏တောင်ဘက်) ကိုကား ဘယ်တော့မှ ခြံဝင်းမကာဟု ဆုံးဖြတ်ထားပါသည်။ အကြောင်းမှာ အိမ်ရှေ့အိမ်မှာ

mgyoe.com

mgyoe.com


အမေနေထိုင်သောကြောင့် အချိန်ရလျှင် ရသလို အမေ့ထံသွားရောက် စကားပြောသော သီလကိုစောင့်ထိန်းရန် ဖြစ်သည်။ ပြီးတော့ အမေ့အိမ်ရှေ့တွင် ညီလတ်၏လက်ဖက်ရည်ဆိုင်ရှိသဖြင့် ကျွန်တော့်အဖို့ အမေ့အိမ်ဘေးမှ ဖြတ်လမ်းရပါသည်။ တစ်ဖန် အမေ့အိမ်ဘေးမှ ဖြတ်သွားတိုင်း 'အမေ' ဟု အသံပြုလျှင် အမေကလည်း 'ဟော့... ဟဲ့... ငါ့မုန့်ဖိုးပေးဦး' ဟု ပုံမှန်နှုတ်ဆက်နေကျဖြစ်ပါသည်။ နောက်ပိုင်း အမေ ကွယ်လွန်သွားသောအခါတွင်လည်း ကျွန်တော်လည်း ထိုဖြတ်လမ်းကြားမှပင် လက်ဖက်ရည်ဆိုင် သွားနေခဲ့ရာ အမေထိုင်သွားခဲ့သော အပေါ်ထပ် ပက်လက်ကုလားထိုင်ကလေးသို့ အလွမ်းပြေ ငေးရပါသည်။ စိတ်ထဲမှာလည်း 'အမေ' ဟု အော်ခေါ်ပါသည်။ 'ဟော့... ဟဲ့... ငါ့မုန့်ဖိုးပေးဦး' ဟူသော အသံကိုလည်း ကြားရသလို အလွမ်းဖြေမိသည်။ ထို့ထက်ကား ဖခင်ကြီးနှင့် မိခင်ကြီးတို့၏ အရိုးပြာအိုးများကို ညီငယ်က (ထိုဖြတ်လမ်းနံဘေးတွင်) တယုတယ ကွမ်းထိုးပြီး ပူဇော်ထားပေးလေရာ ကျွန်တော့်ကို လက်ဖက်ရည်ဆိုင်သွားတိုင်း လက်အုပ်ချီ မေတ္တာပို့ခွင့်ရခဲ့ပါသည်။ သို့သော် ဘာမဟုတ်သည့် ပြဿနာကပေါ်ပြန်ပါသည်။ တကယ့်ကို ပြောပလောက်သော ကိစ္စမဟုတ်ပါပေ။

ကျွန်တော့်ခွေးကြီး 'ရန်လုံ' အနိစ္စရောက်သွားပြီဖြစ်ကြောင်း ကျွန်တော့်အက်ဆေးတစ်ပုဒ်တွင် အလွမ်းပြေရေးခဲ့ပြီးပါပြီ။ ခုနယ်ခါတွင် ဘုန်းတော်ကြီးတစ်ပါးက 'ဖိုးသောကြာ' ကို စွန့်လိုက်သော အိမ်မွေး၊ မွေးစုတ်ဖွား ခွေးကလေးတစ်ကောင် မွေးထားပြန်ပါသည်။ အိမ်တွင်းမွေးခွေး ဖြစ်သော်လည်း ခြေညောင်းလက်ဆန့် ခြံထဲလွှတ်ရပါသည်။ ဟော... ထိုအခါ အိမ်ရှေ့ခြံဝင်းမရှိသော ကွက်လပ်မှ ကျွန်တော်ဖြတ်သော ဖြတ်လမ်းငယ်ကလေးကို ခွေးကလေးက ကောင်းကောင်းအသုံးချပြီး လက်ဖက်ရည်ဆိုင်နှင့် လမ်းမတန်းသို့ ခြေဆန့်ပါတော့သည်။ သူ့ကို မျက်စိဒေါက်ခံကြည့်ရသော အလုပ်ပိုပြန်သည်။ ထိုအခါ အိမ်ရှေ့ဘက်ကိုလည်း ကာရံဖို့လိုအပ်လာတော့သည်။ ခက်တာက အိမ်ရှေ့ဘက်သည် မိခင်ကြီး ခေါင်းချရာအိမ်၊ ညီငယ်အရင်းနှစ်ယောက် နေထိုင်ရာအိမ်နှင့် လက်ဖက်ရည်ဆိုင် ရှိနေသောကြောင့် သွပ်ပြားဝင်းထရံ ပီပီသသကာရံ၍ မသင့်လျော်ပါ။ စောစောက ပြောသလို သံယောဇဉ်ကို ရုပ်ဝတ္ထုဖြင့် ကာရံရသည်မှာ အောက်တန်းကျ

mgyoe.com

mgyoe.com


လှပါသည်။ လှုမြင်၍လည်း မကောင်းပေ။ စိတ်မသန့်ခြင်းက အကြီးအကျယ် ခြောက်လှန့်နေပါသည်။ သို့သော် ခွေးထွက်ပြေးမည့် အရေးကလည်း အသေးအမွှားကလေးနှင့် အရေးကြီးနေပြန်ပါသည်။

ထို့ကြောင့် အဆင်အပြေဆုံးဖြစ်ရန် ဝါးကပ်ပြားများဝယ်ပြီး ဒေါင်လိုက်မဟုတ်ဘဲ အလျားလိုက် ကာလိုက်ရပါသည်။ ထိုအခါ ခွေးလည်း ထွက်လို့မရ၊ ကျွန်တော်လည်း ကျော်ခွသွားလို့ရပါသည်။ နောက်တစ်ကြောင်းမှာ ကျွန်တော့်သမီးနှင့် အမေ့အိမ်မှ ကျွန်တော့်တူမများမှာ နှစ်အိမ့်တစ်အိမ်ကူးလူးရင်း သူတို့ချက်ပြုတ်သော ဟင်းလျာများ အပြန်အလှန် ပေးပို့တတ်ကြရာ ထိုဝါးထရံတုံးလုံးပေါ် ခွကျော်သွားနေရပါသည်။ ဘာပဲဖြစ်ဖြစ်... ဒီအတွက် စိတ်သန့်ပါသည်။ ပီဘိခြံဝင်းကြီးမှ မဟုတ်ဘဲလေ။

သို့သော် ခွေးပုကလေးက ဂြိုဟ်မွှေပြန်သည်။ ဘယ်လိုက ဘယ်လိုလက်ဖက်ရည်ဆိုင်ဘက် ရောက်ရောက်နေမှန်းမသိ။ ခြံဝင်းတွေကလည်း လေးဖက်လေးတန် ကာရံထားပါလျက်။

ရော်... နောင်မှအဖြေတွေ့သည်။ ကျွန်တော်ကာထားသော ဝါးထရံမှာ အမြင့်နှစ်ပေမျှသာရှိရာ သင်းက 'နာဂစ်' လက်ကျန် သစ်ငုတ်တစ်ခုပေါ်မှ ခုန်တက်သွားခြင်းပါတကား။ သစ်ငုတ်မှာလည်း ကြီးမားလွန်းသဖြင့် ဖော်ထုတ်တူးလို့မရပါ။ ထို့ကြောင့် သဘာဝအုပ်စုဆန်ဆန် ထိုသစ်ငုတ်နှင့်ကပ်လျက် လူသွားလမ်းနေရာမှ သံတံခါးအသေးတစ်ခု တပ်ရပြန်တော့သည်။ မျက်စိထဲ မြင်ကြည့်ကြပါ။ နှစ်ပေခန့် အလျားလိုက် ကာထားသော ဝါးထရံတစ်နေရာတွင် လေးပေခန့်သံတံခါးက ငေါငေါကြီး ဖြစ်နေပါသည်။ တရုတ်သိုင်းကားတွေထဲက အုတ်တံတိုင်းနိမ့်နိမ့်လေးနှင့် ဝင်ပေါက်တံခါး အမြင့်ကြီးကဲ့သို့ ဖြစ်မနေပေဘူးလား။

မည်သို့ပင်ရှိစေ... ထိုသံတံခါးကြောင့် ခွေးလေးထွက်လို့ မရတော့ပါ။ ကျွန်တော့်အတွက်ရော သမီးနှင့် တူမများအတွက်ပါ သံတံခါးလေးဖွင့်ပြီး မိခင်ကြီး အလွှမ်းပြေလမ်းကလေးကို အသုံးပြုနိုင်သွားပါတော့သည်။ ထိုလမ်းကြားကလေးနှင့်ပတ်သက်၍ ပျော်ရွှင်ရယ်မောဖွယ်အဖြစ် တစ်ခုရှိခဲ့ပါသေးသည်။

mgyoe.com

mgyoe.com


တစ်နေ့တွင် ကျွန်တော် စာရေးနေခိုက် ခြံဝင်းလူဝင်ပေါက်တံခါးငယ်မှ 'အစ်ကိုလေး အစ်ကိုလေး' ဟူသော နှုတ်ဆက်သံကြား၍ လှမ်းကြည့်လိုက်ရာ 'ပန်းချီ ကိုတင်လှဝင်းထင်' ဖြစ်နေပါသည်။ သူက ဒီလိုပဲ ကြီးငယ်မဟူ 'အစ်ကိုလေး' ဟု ပဋိသန္ဓာရပြုပါသည်။ ကျွန်တော်ကလည်း 'အစ်ကိုလေး လာလေဝင်ခဲ့ပါ' ဟု ဖိတ်မန္တကပြုပါသည်။ သို့သော် သူသည် ပြန်လှည့်သွားပါသည်။ ခဏနေမှ စောစောကပြောသော မိခင်အလွမ်းပြေ လမ်းကြားမှ လှည့်ဝင်လာပါသည်။ "ဘယ့်နှယ်ဖြစ်တာလဲ၊ လမ်းမဘက်က ဝင်မယ်လုပ်ပြီးမှ ဒီဘက်ကလှည့်ဝင်ရသလဲ" ဟု အထူးအဆန်းဖြစ်နေ၍ မေးရာ သူ့အဖြေမှာ ရယ်လည်းရယ်ရ၊ မောလည်းမောရပါတော့သည်။

"အစ်ကိုလေးရေ... စောစောက ခြံဝင်းတံခါးကဝင်ရင် မော်တော်ကားလမ်းပေါ် လျှောက်ရတာမို့ မာဆတ်ဆတ်ကြီး။ အခု ဒီလမ်းကြားက လာတော့ ပျော့ပျော့ကလေးနဲ့ ကွေ့ကွေ့ကောက်ကောက်ကလေးမို့ပါ" တဲ့။ သူသည် အနုအရွ အလွန်ခံစားသူ ဖြစ်ပေသည်။ တစ်ဆက်တည်း သူပြောပြန်တာက "ဒီလမ်းကြားကလာတော့ အမေညို (ကျွန်တော့်မိခင်ကြီး) ကို သတိရနိုင်တယ်။ အမေညို ချက်ချက်ကျွေးတဲ့ ပဲကုလားဟင်းနဲ့ ငါးပိထောင်းနဲ့ ကလေးကိုလည်း ပြန်ခံစားရတယ်"ဟု အနုပညာမြောက်လိုက်ပြန်ရာ ကျွန်တော့်မှာ လွမ်းမောစရာ ဖြစ်ရပါသည်။ မည်သို့ပင်ရှိစေ... သေချာတာကတော့ ကျွန်တော့်ခြံဝင်းတွင် နောက်ထပ် သံတံခါးတစ်ခုတိုးပြီး ခြံနှင့်မလိုက်ဖက်စွာ သံတံခါးလေးခု ဖြစ်သွားခြင်းပင်။

သံတံခါးလေးခုဆိုတော့ ညရေးညတာအတွက် သော့ လေးခုခတ်ရတော့သည်။ ထိုအခါ နံနက်စောစော သော့ လေးခုထဖွင့်ရတော့သည်။ ထိုအလုပ်ပိုကို ကျွန်တော်မလုပ်ရပါ။ အိမ်ရှိလူလေးလူငယ်တွေက တာဝန်ယူကြပါသည်။ ကျွန်တော့်အနေနှင့်မူ ကိုယ်ပါ မရောင်ရာဆီလူးမိရာက တာဝန်တွေ ပိုကုန်တာကို တစ်ယောက်တည်း ကျိတ်ပြုံးနေမိပါသည်။ သို့သော် တစ်ညနေခင်းတွင် အိမ်သို့ အရေးတကြီး ဧည့်သည်လာပါသည်။ အိမ်မှာက ကျွန်တော်တစ်ယောက်တည်း ရှိနေပါသည်။ အိမ်သားများက ဘုရားဖူးသွားနေကြပြီ။

ထို့ကြောင့် သံတံခါးမကြီးကို ကျွန်တော်ကိုယ်တိုင် ထဖွင့်ရပါ

mgyoe.com

mgyoe.com


တော့သည်။ သည်မှာ အကြီးအကျယ် ပြဿနာတက်လေပြီ။ သံတံခါးများသော့အဖွင့်အပိတ်ကို ဘယ်တုန်းကမှ မပြုလုပ်ဖူးသဖြင့် သံတံခါးသော့တံများဘယ်နားထားသည်ကို ကျွန်တော်မသိပေ။ ဧည့်သည်ကလည်း အရေးတကြီးမို့ ကျွန်တော့်မှာ ဇောချွေးပြန်ရပါတော့သည်။ နောက်ဆုံးတော့ ဧည့်သည်ကိုတောင်းပန်ပြီး လူအဝင်အထွက် သံတံခါးကြားမှ အလုပ်ကိစ္စ စကားများပြောဆိုဧည့်ခံလိုက်ရပါတော့သည်။ မျက်နှာပူပူနှင့်ပင်။ ဧည့်သည်များပြန်သွားကြသောအခါ ကျွန်တော်သည် တောင်တွေး မြောက်တွေး တွေးပါသည်။ ထိုအခါ...

"ဟဲ့... သောက်ပလုတ်တုတ်။ ငါ့နှယ် အပြင်လူဝင်မှာစိုးလို့ သော့ခတ်ပါရဲ့။ ခုတော့ ငါ့ကိုယ်ငါ သော့ခတ်ပြီးသား ဖြစ်နေပါပေါ့လား ဟရို့"
ဟူ၍ တွေးမိပါသည်။

**မဟေသီ၊ အမှတ် ၂၉၇၊ စက်တင်ဘာ၊ ၂၀၀၉**

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ပင်မင်းဝါးရုံ

ငယ်စဉ်က ခြံကြီးဝင်းကျယ်တွင် နေထိုင်ခဲ့ရတာကြောင့် သစ်ပင်စိုက်တမ်း ကစားခဲ့ကောင်း ကစားခဲ့ပါလိမ့်မည်။ သိပ်တော့ မသေချာပါ။ ယောကျ်ားလေးဖြစ်သောကြောင့် စစ်တိုက်တမ်း၊ ခွက်ခေါက်တမ်း ပြေးပြေးလွှားလွှား ကစားခဲ့သည်များကိုတော့ ကောင်းကောင်းမှတ်မိနေပါသည်။

သစ်ပင်စိုက်တမ်း ကစားခဲ့ဖူးသည်ဆိုလျှင်လည်း ကလေးဘာဝ ကစားခြင်းမျှသာ ဖြစ်ပေရာ တကယ် ဖြစ်ဖြစ်မြောက်မြောက် စိုက်ပျိုးခြင်း မဟုတ်နိုင်ပေ။ တကယ်မှာလည်း ကျွန်တော်သည် သစ်ပင်စိုက်ခြင်းကို လုံးဝဝါသနာ မပါပါ။ "တစ်သက်လုံး ကျန်းမာပျော်ရွှင်ချင်လျှင် သစ်ပင်စိုက်ပါ" ဟူသော တရုတ်စကားပုံကို နှစ်သက်သော်လည်း သူ့ကို တယုတယ အရိပ်တကြည့်ကြည့်နေရမှာ ကျွန်တော် စိတ်မရှည်ပါ။ ကျွန်တော်သည် တရိပ်ရိပ်ကြီးထွားလာသော ကလေးများကို ချစ်သော်လည်း သစ်ပင်ကိုမူ သိပ်ပြီး မချစ်လှပါ။ ကလေးများသည် ရယ်ခြင်း၊ ပြုံးခြင်း၊ ငိုခြင်း၊ မဲ့ခြင်း၊ စကားတွတ်တီးတွတ်တာပြောခြင်း စသည့် အမူအရာများကြောင့် စိတ်ဝင်စားစရာကောင်းမည် ထင်ပါသည်။ သစ်ပင်တို့ ရွက်သစ်နုတာ၊ ရွက်ကြွေတာကိုမူ ကျွန်တော်မခံစားတတ်ပါ။ သစ်ပင်ဝေးလို့ ပန်းပင်ကိုပင် ကျွန်တော် မချစ်

mgyoe.com

mgyoe.com


တတ်ပါ။ ပန်းပျိုးဖို့ဆိုတာ ဝေလာဝေးသာ။

သို့သော် ထူးထူးခြားခြားတော့ဖြင့် သစ်ပင်တစ်ပင် စိုက်ပျိုးဖူးပါသည်။ သစ်ပင်ဆိုသော်လည်း ဝါးပင်ဖြစ်ပါသည်။ 'ဝါးမင်း' ဟု လူသိများပါသည်။ စိတ်လိုလက်ရ စိုက်ခဲ့ခြင်းတော့ မဟုတ်ပြန်ပါ။ ဖြစ်ကတတ်ဆန်း မြေကြီးထဲ ထိုးသိပ်ထည့်လိုက်ခြင်းလည်း မဟုတ်ပါ။ မျိုးလိုချင်သဖြင့် အမြစ်ပါ နုတ်ပြီး အိမ်ရောက်တော့ ကျင်းတူး၊ မြေဆွေးထည့်ခြင်းမျှသာ ဖြစ်ပါသည်။ ရေလောင်းရမှာ ပျင်းသောကြောင့် ပန်းပင်ရေလောင်းသော ဘုံဘိုင်ခေါင်းနားမှာပင် စိုက်လိုက်ခြင်း ဖြစ်ပါသည်။

'ဝါးမင်း' ပင် စိုက်ဖြစ်သွားပုံမှာ ဤသို့ဖြစ်ပါသည်။ ကျွန်တော်သည် တစ်နေ့တွင် ကေသီပန်ရုပ်ရှင်ခြံသို့ ရုပ်ရှင်ရိုက်ကူးရန် ရောက်ရှိနေပါသည်။ ထိုစဉ်က ရုပ်ရှင်ရိုက်ရင်းမှာ ကျွန်တော် အရက်သောက်တတ်ပါသည်။ အရက်သမားတို့ ထုံးစံအတိုင်း အရက်မူးသောအခါ ဟိုဟိုသည်သည် အပေါ့စွန့်ပါသည်။ တစ်ညသားတွင် ကျွန်တော်သည် ကွပ်ပျစ်တစ်ချပ်ပေါ် ထိုင်၍ အရက်သောက်နေရာမှ အပေါ့သွားချင်သဖြင့် ခပ်လှမ်းလှမ်းရှိ ဝါးရုံပင်ရိပ်မှာ ထိုင်လိုက်ပါသည်။ ထိုအခါ ကျွန်တော့်နောက်ကျောဆီမှ "ကိုသု၊ အဲဒီဝါးရုံနားမှာ တော့ မလုပ်ပါနဲ့ဗျာ" ဟု တောင်းပန်သံကြားရပါသည်။ ရုပ်ရှင်ဇာတ်လမ်း မှတ်တမ်းတင်သူ ဖြစ်ပါသည်။ "ဘာ့ကြောင့်လဲ" ဟု မေး သောအခါ သူက "အဲဒါ ရိုးရိုးဝါးမဟုတ်ဘူး၊ ဝါးမင်း" ဟု ပြောပါသည်။ ပြီးတော့ ထိုဝါးမင်း သည် 'မင်း' ဆိုသည့် ဝိသေသနှင့်အညီ အညစ်အကြေး မကြိုက်ကြောင်း၊ အသန့်ကြိုက်ကြောင်း၊ နေရာရွေးပြီးစိုက်မှ အပင်ရှင်ကြောင်း ရှင်းပြနေပါသည်။ ကျွန်တော်ကမူ အရက်မူးနေသဖြင့် သူ့စကား စိတ်မဝင်စားပါ။ သို့သော် သူမကြိုက်ဘူးဆိုသဖြင့် အပေါ့သွားသည့်နေရာကို ရွှေ့လိုက်ပါသည်။

ကျွန်တော်တို့သည် ရုပ်ရှင်ရိုက်ပြီဆိုလျှင် နေရာတစ်နေရာ၌ ရက်အတန်ကြာရိုက်ကူးရပါသည်။ ထိုဇာတ်ကားကိုလည်း ကေသီပန်ရုပ်ရှင်ခြံထဲတွင် တစ်ပတ်ခန့် အချိန်ယူရိုက်ကူးခဲ့ပါသည်။ ထို့ကြောင့် ခြံထဲမှာရော၊ ဒါရိုက်တာ ဦးခင်ဇော်၏ တိုက်ခန်းမှာပါ ရိုက်ကူးရပါသည်။ တစ်နေ့တွင် ကျွန်တော့်ထံသို့ အိမ်မှ တယ်လီဖုန်းလာသည်ဆိုသဖြင့် သွားကိုင်ရာ

mgyoe.com

mgyoe.com


တယ်လီဖုန်းတင်သောခုံကို ဂရုစိုက်မိပါသည်။ ဝါးလုံးများဖြင့် ရာဇမတ်ကွက်ရိုက်ထားသော လှပသည့်ခုံကလေး ဖြစ်ပါသည်။ အထူးသဖြင့် ဝါးလုံးများမှာ တစ်ဖြောင့်တည်းမဟုတ်ဘဲ ဝါးဆစ်တိုတိုတုတ်တုတ်များ လက်ငါးလုံးခန့်စီ ရှိနေပါသည်။ ဥပမာပြရပါလျှင် ကုလားမလေးတစ်ယောက် ခါးကျပ်အင်္ကျီနှင့် အပေါ်မှ ဆာရီရုံထားသောအခါ ဗိုက်ကလေး ပြူထွက်နေသကဲ့သို့ ရှိပါသည်။ ထိုဝါးလုံးမျိုးကို ကျွန်တော်မမြင်ဖူးပေ။ ထို့ကြောင့် အိမ်မှာလည်း တယ်လီဖုန်းစင်တစ်ခုလုပ်လျှင် 'ဝါးမင်း' နှင့်လုပ်ရန် စိတ်ကူးမိပါသည်။

ထို့ကြောင့် ဆရာဦးခင်ဇော်ထံတောင်းရာ လှလှပပ တုတ်တုတ်ခဲခဲ ဝါးလုံးလေးငါးလုံး ဖြတ်ပေးပါသည်။ ပြီးတော့ "စိုက်ချင်လည်း စိုက်ဖို့ယူသွားပါလား"ဟု ပဋိသန္ဓာရပြုပါသည်။ သိပ်လိုချင်လှသည်မဟုတ်သော်လည်း သူ့စေတနာကို တန်ဖိုးထားသောအားဖြင့် ဝါးပင်ငုတ်တိုလေး ငါးချောင်းကို အမြစ်မှ တူးယူခဲ့ပါသည်။ ထို့နောက် အထက်ကပြောသလို အိမ်ရှေ့ရေဘုံဘိုင်နားတွင် စိုက်ထားလိုက်ပါသည်။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ဆရာဦးခင်ဇော်က...

"အိမ်ရှေ့မှာပဲစိုက်နော်၊ အိမ်နောက်ဖေးမှာစိုက်ရင် အပင်မဖြစ်ဘူး၊ သူက ဝါးမင်းဗျ" ဟု ဆိုလိုက်သော စကားကြောင့်တစ်ကြောင်း၊ ကိုယ်အမြဲမျက်စိဖြင့်မြင်နိုင်သော ရေနှင့်နီးစပ်ရာနေရာ ဖြစ်သောကြောင့်လည်းကောင်း အိမ်ရှေ့မှာ ထိုးစိုက်ခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော်၏ အိမ်မှာလည်း တောင်လှည့်ဖြစ်သောကြောင့် နံနက်နေရောင်၊ ညနေနေရောင် အမြဲရနေပါသည်။ ဤသို့ဖြင့် မျက်စိရှေ့မှာပင် ထိုဝါးရုံပင်ကလေးသည် ရှင်သန်ကြီးထွားခဲ့ပါတော့သည်။ သို့သော် ကျွန်တော်သည် သစ်ပင်ချစ်တတ်သူမဟုတ်ပေရာ အရိပ်တကြည့်ကြည့်တော့ဖြင့် မရှိလှပေ။ စောစောကပေးခဲ့သော ဥပမာကဲ့သို့ ကုလားမလေး ဗိုက်သားပြူတစ်ပြူတစ်ရှိသလို ဝါးဆစ်ပိုင်းများ မို့မို့တက်တက်ဖြစ်လာသည်ကို သဘောကျနေပါသည်။

သို့သော် အိမ်လာသော ဧည့်သည်များကမူ ကျွန်တော့် တယ်လီဖုန်းစင်ကလေးကို သဘောကျရာမှ ဝါးမင်းပင်ရုံကို ကြည့်ရှုကြပါသည်။ အချို့က မျိုးတောင်းလို့ပေးရပါသည်။ မယုံကြည်သော်လည်း...

"အိမ်ရှေ့မှာစိုက်နော်၊ အိမ်နောက်ဖေး မစိုက်နဲ့" ဟူ၍သာ သတိပေး

mgyoe.com

mgyoe.com


နေခဲ့ပါသည်။ သည်လိုနှင့် ကျွန်တော်၏ ဖခင်ကြီးကွယ်လွန်ခါနီးတွင် သဃ်္ဃန်းကျွန်း သာစုခြံသို့ ပြန်ပြောင်းရပါသည်။ ထိုအချိန်တွင် ကျွန်တော့် အိမ်မှာ နေလို့ထိုင်လို့ရသောအဆင့် ရောက်နေပြီဖြစ်ပါသည်။ စိတ်ထဲက ကျိတ်၍ သံယောဇဉ်ဖြစ်နေသလားတော့ မသိပေ။ ဝင်ဒါမီယာမှ ပြောင်းသောအခါ ထိုဝါးမင်းရုံကို အမြစ်အုံမှတူးပြီး သယ်ခဲ့ပါသည်။ ရုပ်ရှင်ရိုက်ရန် အလှစိုက်ထားသော ပန်းအိုးများကိုပင် မသယ်ခဲ့ပေ။

သို့နှင့် ကျွန်တော်သည် အဖေ့အတွက် လူမမာဆောင်ကို ပြင်ဆင်ရပါသည်။ ပြီးတော့ အဖေ့ပစ္စည်းပစ္စယများကို နေရာချရပါသည်။ ရယ်စရာ ပြောရဦးမည်။ အဖေသည် သူ့ပစ္စည်းပစ္စယများကို စနစ်တကျ သိမ်းဆည်းလေ့မရှိပါ။ ဖြစ်သလို ပစ်ထားပါသည်။ သို့သော် ဘယ်ပစ္စည်း ဘယ်နေရာ၌ ရှိသည်ကိုတော့ သိနေပါသည်။ ရယ်စရာကောင်းသည်မှာ သူရရှိခဲ့ဖူးသော အကယ်ဒမီ ရွှေစင်ရုပ်နှစ်ခုအနက် တစ်ခုပျောက်ဆုံးနေပြီး တစ်ခုက ခုတင်အောက်တွင် ပက်လက်ကလေး ပြန်တွေ့ရခြင်းပင်။ နိုင်ငံ့ဂုဏ်ရည်ဆုဖြစ်သော ရွှေတံဆိပ်မှာ မော်တော်ကားနပ်မူလီများထည့်သော ပုလင်းထဲတွင် ရှိနေပါသည်။ ဒါတွေ ထည့်ပြောရတာ အကြောင်းရှိပါသည်။ ဤအကြောင်းဆောင်း နိဂုံးပိုင်းတွင် စာဖတ်သူ သိသာပါလိမ့်မည်။

တစ်နေ့တွင် ကားဂိုဒေါင်အနီးမှာ ပုံထားသော ဝါးမင်းရုံကိုတွေ့မှ သတိရပြီး ပြန်စိုက်ရန် စီစဉ်ရပါသည်။ "အိမ်ရှေ့မှာစိုက်"ဟူသော စကားကိုမူ မေ့နေခဲ့ပါသည်။ သို့သော် ကျွန်တော့်အိမ်သည် ခြံနောက်ဘက်ကပ်ဆောက်ထားသဖြင့် စိုက်စရာနေရာမှာလည်း အိမ်ရှေ့မှာသာ ရှိပါသည်။ ထို့ကြောင့် ထုံးစံအတိုင်း တွင်းတူးမြေဩဇာချ၍ ထိုးစိုက်ထားလိုက်ပါသည်။ ကံကောင်းချင်တော့ အိမ်ရှေ့မှာက ဘိုးစဉ်ဘောင်ဆက် သုံးစွဲခဲ့သော ရှေးရေတွင်းကြီး ရှိသည်။ ယခုတိုင် ရပ်ကွက်ကသုံးနေကြဆဲမို့ အနီးဝန်းကျင်တွင် စိမ်းစိုနေမြဲ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော့် ဝါးမင်းရုံအတွက် ရေတကူးတကန့် မလိုအပ်တော့ပေ။ အိမ်မှာလည်း တောင်လှည့်ခြင်းဖြင့် ရာသီမရွေး နေရောင် ရနေပါသည်။

တစ်ခါသော် ကားအဝင်အထွက်ပြုလုပ်ရာ၌ ဝါးရုံပင်နှင့် မလွတ်မကင်းဖြစ်သောကြောင့် နေရာပြောင်းရပြန်ပါသည်။ သည်တစ်ခါတော့

mgyoe.com

mgyoe.com


ဝါးမင်းမှာ အင်နှင့်အားနှင့် ဝါးရုံကြီးဖြစ်နေပြီမို့ အတော်အလုပ်ရှုပ်စွာ တူးဆွပြီး နေရာပြောင်းရသည်။ လွတ်မည့်နေရာမှာ အိမ်တောင်ဘက် (အနောက်ဘက်) တွင် ဖြစ်ပါသည်။ ချိုးရေ၊ သုံးရေကန်နှင့် နီးပါသည်။ ရေချိုးခန်း၊ အိမ်သာ၊ မီးဖို စသော ရေသုံးများသည့်နေရာနှင့် မလှမ်းမကမ်းမှာ ဖြစ်ပါသည်။ ထိုတစ်ကြိမ်တွင်တော့ ကျွန်တော့်စိတ်ထဲ ထိတ်ခနဲ ဖြစ်သွားသေး၏။ "အိမ်ရှေ့မှာ မဟုတ်ပါလား၊ အိမ်နောက်ဖေးမဟုတ်၊ အိမ်ဘေးမှာဆိုပေမည့် အိမ်နောက်ဖေးနှင့် နီးနေပါလား" ဟူ၍ ဖြစ်ပါသည်။ သို့သော် ပြီးပြီးပျောက်ပျောက်ပင် နေလာခဲ့ရာ ဝါးရုံပင်ဆီကိုလည်း စိတ်က မရောက်တော့ပေ။

သို့သော် တယ်လီဖုန်းလိုင်း မကြာခဏပျက်သဖြင့် သက်ဆိုင်ရာ ခေါ်ပြရာ လိုင်းကြိုးနှင့် ဝါးရုံပင်မလွတ်ကြောင်း တွေ့ရပါသည်။ ဝါးမင်းရုံသည် အရင်ကကဲ့သို့ စိမ်းစိမ်းညို့ညို့ တုတ်တုတ်ခဲခဲ မဟုတ်တော့ဘဲ အဝါရည်ဘက်သမ်းပြီး ကိုင်းတွေက ဖြာထွက်နေပါသည်။ ကုလားမဖိုက်သားများလည်း သိပ်ပြီးမပြုတစ်တော့ဘဲ ဝါးဆစ်တွေ ကျဲနေပါသည်။ ကံကောင်းတာက အပင်သေမသွားခြင်းပင် ဖြစ်ပါသည်။ ကျွန်တော်သည် အိမ်ရှေ့မှ အိမ်ဘေးသို့ ပြောင်းစိုက်မိတာကြောင့်များလားဟု တွေးမိပါသေးသည်။

ကျွန်တော့်အိမ်ရှေ့မှာ ညီငယ်များနေထိုင်ကြပါသည်။ သူတို့က သစ်ပင်စိုက်ဝါသနာပါသည်။ ထို့ကြောင့် ကျွန်တော့်ဝါးရုံပင် အိမ်ရှေ့မှာ ရှိနေကတည်းက ခဏခဏ မျိုးတောင်းပါသည်။ ကျွန်တော်ကလည်း ပေးပါသည်။ သို့သော်လည်း "အိမ်ရှေ့မှာစိုက်"ဟူ၍ မဆိုမိခဲ့ပေ။ သူတို့အိမ်က ကျွန်တော့်အိမ်ရှေ့ဖြစ်သော်လည်း သူတို့အိမ်နောက်ဖေးက ကျွန်တော့်အိမ်ရှေ့ဘက် လှည့်နေပါသည်။ ရေတွင်းကကြားတွင်ရှိပြီး မြေကွက်လပ်ကလည်း ရေတွင်းတစ်ဝိုက်သာရှိသောကြောင့် သူတို့ယူသွားသော မျိုးကိုင်းများကို ရေတွင်းနားမှာပဲ စိုက်ကြပါသည်။ အံ့သြဖို့ကောင်းသည်မှာ ကျွန်တော့် ဝါးရုံပင်နှင့် မလှမ်းမကမ်းမှာ စိုက်သော်လည်း အပင်မှာ မရှင်သန်ခြင်း ဖြစ်သည်။ ကျွန်တော့်အပင်က ကျွန်တော့်အိမ်ရှေ့ဖြစ်သော်လည်း သူတို့ အပင်က သူတို့အိမ်နောက်ဖေးဖြစ်နေသောကြောင့် များလေလား။

ထိုမှစ၍ ကျွန်တော်သည် ဝါးမင်းရုံမျိုး တောင်းသူတိုင်းကို

mgyoe.com

mgyoe.com

"အိမ်ရှေ့မှာစိုက်ကြပါ၊ အိမ်သာ စသည်ဖြင့် နီးတဲ့နောက်ဖေးမှာ မစိုက်ကြပါနဲ့" ဟု မှာနေရပါတော့သည်။ တစ်ခါတွင် ညီဖြစ်သူ ကိုရှုပက ဝါးမင်းမျိုး ထပ်တောင်းပြန်ပါသည်။ သည်တစ်ခါတော့ "မင်းအိမ်ရှေ့ လက်ဖက်ရည်ဆိုင်ရှေ့မှာစိုက်ရင် ပိုကောင်းလိမ့်မယ်" ဟု ညွှန်းရပါသည်။ ဟော… ယုံရခက်၊ မယုံရခက်ပါပေ။ သူ့လက်ဖက်ရည်ဆိုင်ရှေ့ ကားလမ်းမကြီး မျက်နှာမူစိုက်ပျိုးခဲ့ရာ ခုဆိုလျှင် သူ၏ဝါးမင်းရုံသည် ကျွန်တော့်မူလမိခင် ဝါးမင်းရုံထက်ပင် ရှင်သန်လျက် ကုလားမဖိုက်ခေါက်ကလေးတွေ အစီအရီ ဖြစ်နေပါချေပြီကော။

ဤစာရေးနေစဉ် ကျွန်တော်သည် ဝါးမင်းရုံကို ငေးကြည့်နေပါသည်။ ယခင်ကဲ့သို့ ဖားဖားစည်စည် မရှိတော့သည်ကိုလည်း သတိပြုနေမိပါသည်။ တစ်ပြိုင်နက်မှာပင် ကျွန်တော့်ကိုယ် ကျွန်တော်လည်း သတိတရားထားနေမိပါသည်။ ကျွန်တော်သည် ယခု စာတိုကလေးရေးနေပါသည်။ ထိုမှ စာမူခ အတန်အသင့်ရပါလိမ့်မည်။ တကယ်တော့ ကျွန်တော့်စာမူခများသည် မိသားစုအတွက် ဆန်ဖိုးမျှသာ ရှိပါသည်။ လက်ရှိအိမ်ကို အထောက်အကူပြုနေသူမှာ "ဖိုးသောကြာ" ဖြစ်ပါသည်။

ကျွန်တော် ဖိုးသောကြာအရွယ်သို့ ပြန်၍ စိတ်ကူးမိပါသည်။ ထိုစဉ်က ကျွန်တော့်မှာ "ဖိုးသောကြာ" ထက် နာမည်ကြီးပါသည်။ ဝင်ငွေကောင်းခဲ့ပါသည်။ သို့သော် ကျွန်တော် ဖြစ်ကတတ်ဆန်းနေမိခဲ့သည်။ အားမနာတမ်းပြောရလျှင် စာရေးဆရာစိတ်ဖြင့် စာရေးဆရာလိုသာ နေခဲ့သည်။ "မင်းသား အဆိုကျော်" ဆိုတာကို တန်ဖိုးထားရမှန်းမသိရုံမက ခွကန့်လန့်တိုက်၍ လမ်းဘေးအရက်ဆိုင်ထိုင်ခဲ့သည်။ တကယ်တော့ လူမှန်သမျှ ကိုယ့်နေရာလေးမှာကိုယ် ကြွေ့ရရ နေနိုင်ဖို့လိုပါသည်။ ဒါသည်ပင် ရိုးသားမှုဖြစ်သည်။ ကျွန်တော်သည် စာပေသမားကို ပိုချစ်တာမှန်ပါသည်။ သို့သော် အခြားအနုပညာများအပေါ် မလေးမခန့်ပြုခဲ့မိပါသည်။ ထို့ကြောင့် လက်ရှိတွင် ကျွန်တော့်တွင် စုမိဆောင်းမိမရှိ။ ငှားမည့်ရမ်းမည့်သူမရှိ ဖြစ်နေသည်။

တကယ်တော့ ကျွန်တော်သည် "ဝါးမင်းရုံ" ကို စိုက်ခဲ့သော်လည်း "ဝါးမင်းရုံ" ၏ တန်ဖိုးနှင့်နေရာကို အလေးမထားမိခဲ့သူသာ ဖြစ်သည်။
mgyoe.com

mgyoe.com


ခုပဲကြည့်၊ မုန့်တိုင်းတိုက်တော့လည်း ယိမ်းထိုးရုံ၊ မုန့်တိုင်းစဲတော့လည်း ပြန်မတ်နေသည့် "ဝါးမင်းရုံ"။ ကျွန်တော်သည် "ဝါးမင်းရုံ"ကဲ့သို့ ကိုယ့်နေရာကိုယ် ယူတတ်ဖို့ ခုမှပြန်စလို့တော့ ဘယ်မှာရနိုင်ပါတော့မည်နည်း။

မဟေသီ၊ အမှတ် ၂၈၅၊ စက်တင်ဘာ၊ ၂၀၀၈

❑

mgyoe.com



gyoe.com

mgyoe.com

# မန်ကျည်းပင်ပုံပြင်

ကျွန်တော်၏ ခြံဝင်းထောင့်တွင် မန်ကျည်းပင်ကြီး တစ်ပင်ရှိပါသည်။ ယောကျ်ားလက်တစ်ဖက်သာသာ ကြီးမားသော ပင်စည်ရှိပါသည်။ အမြင့်မှာ ခန့်မှန်းခြေ ပေအစိတ်မျှသာ ဖြစ်ပါသည်။ အဘွားစိုက်ခဲ့သလား၊ အဖေစိုက်ခဲ့သလား မသိပါ။ အမေကား သစ်ပင်စိုက် ဝါသနာမပါသော ကျောင်းဆရာမဖြစ်သောကြောင့် အဘွားစိုက်ခဲ့တာ ဖြစ်ဖို့များပါသည်။ အဘွားမှုကား လမ်းဘေးဈေးသည်ဘဝမှ ကြီးပြင်းလာသူ ဖြစ်သောကြောင့် ခြေဆိပ်လက်ဆိပ် ရှိပါသည်။ သို့သော် မန်ကျည်းရွက်ကို နည်းမျိုးစုံဖြင့် ချက်ပြုတ်စားသောက်တတ်သော အမေက ဘာရယ်မဟုတ် စိုက်ခဲ့တာလည်း ဖြစ်နိုင်ပါသည်။

ကျွန်တော်သည် သဃ်နကျွန်းသာစုခြံတွင် နေစဉ်က လူပျိုပေါက်မျှသာဖြစ်လေရာ ထိုမန်ကျည်းပင်ကြီးကို သိပ်ဂရုမစိုက်မိပါ။ သစ်ပင်ပန်းမန် အရာ၌လည်း ဝါသနာမပါပါ။ ပန်းပွင့်ကလေးများကိုပင် ခံစားရမှန်းမသိပါ။ လူပျိုရွယ်ဘဝတွင် ပထမဦးဆုံး ရည်းစားကို ပိတောက်ပန်း တက်ခူးပေးရုံလောက်သာ ပန်းနှင့်ပတ်သက်၍ စိတ်ဝင်စားဖူးပါသည်။ ထို့ကြောင့် သစ်ပင်ပန်းမန် စိုက်ပျိုးခြင်းကိစ္စသည် ဝေလာဝေးခဲ့ပါသည်။

mgyoe.com

mgyoe.com


ဝင်ဒါမီယာသာစုခြံသို့ အဖေနှင့်အတူလိုက်နေသောအခါ သားအဖနှစ်ယောက်တည်းမို့ အားအားရှိလျှင် ခြံထဲလျှောက်သွားနေမိပါသည်။ ရုပ်ရှင်ခြံပြုလုပ်ထားသော ပန်းပေါင်းစုံ စနစ်တကျ စိုက်ပျိုးထားသဖြင့် မဖြစ်မနေ ဂရုပြုမိတတ်လာပါသည်။ ကတ္တီပါသီးပင်ကြီးမှာ လက်တစ်ဖောင်သာတွင် အရွက်များဖားဖားကျနေသဖြင့် အချိန်မရွေး အရိပ်ရပါသည်။ ထိုကတ္တီပါပင်အောက်တွင် ပက်လက်ကုလားထိုင်ခင်း၍ မှန်ချပ်တစ်ခုလက်ရန်းပေါ်တင်ကာ ကျွန်တော် စာရေးလေ့ရှိတတ်လာပါသည်။ ဝင်ဒါမီယာခြံတွင် ကျွန်တော်စိတ်ဝင်စားသော ပန်းပင်တစ်မျိုးမှာ ခြံစည်းရိုးရှေ့တွင် ပျိုးထားသော စံပယ်ရုံဖြစ်ပါသည်။ ထိုစံပယ်ရုံသည်လည်း သဃ်န်းကျွန်းက ပိတောက်ပင်ကဲ့သို့သာ ကျွန်တော့်စိတ်ကို ဆွဲဆောင်ခဲ့ပါသည်။ အကြောင်းမှာ ခြံစည်းရိုးဟိုဘက် ဓာတ်ပေါင်းစုဘုရား အတက်အဆင်းလှေကားသည် စံပယ်ရုံကလေး ခြားလျက်ရှိပါသည်။ ထိုလှေကားမှနေ၍ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် "အေးဘုံ" က ကျောင်းတက်ကျောင်းဆင်းသွားပါသည်။ ထိုလှေကားမှပင် အေးဘုံ၏အစ်မကလည်း ကျောင်းဆင်းကျောင်းတက်သွားပါသည်။ ကျွန်တော့်မှာ ထိုအချိန်က လူပျိုကြီးဖြစ်နေပြီမို့ ပြောင်ပြောင်တင်းတင်း မပိုးပန်းရဲပါ။ ပြီးတော့ ရုပ်ချင်းအတော်ဆင်သော သူတို့ညီအစ်မကို ဘယ်သူ့ကြိုက်မိမှန်းမသေချာခဲ့ပါ။ နောက်ဆုံးတော့ သူတို့ခြေသလုံးများကိုကြည့်ပြီး ဆုံးဖြတ်ပါသည်။ ဒါသည် ကလေးဆန်ကောင်းဆန်ပါလိမ့်မည်။ သို့သော် ထိုစဉ်က ကျွန်တော်သည် ဗဂျီ (ဦး) အောင်စိုးထံတွင် ပန်းချီပညာများ သင်ယူနေချိန်ဖြစ်ရာ မိန်းမတို့၏ ကိုယ်နေဟန်ထားကို လေ့ကျင့်နေပါသည်။ ထို့ကြောင့် ထိုညီအစ်မနှစ်ယောက်၏ ခြေသလုံးကွာခြားပုံကို ကျွန်တော်ရွေးချယ်ပါသည်။ အေးဘုံက ခြေသလုံးတုတ်ပြီးဟိုတစ်ယောက် ခြေသလုံးပိန်တာ သတိပြုမိပါသည်။ ထိုအခါ အေးဘုံကိုကျွန်တော် ရွေးချယ်ပါသည်။ ထိုသို့ ခြေသလုံးစစ်ဆင်ရေးဆင်းသောနေရာမှာ ထိုစံပယ်ရုံကလေးနားမှာ ဖြစ်ပါသည်။ စံပယ်ရုံကို ပြုစုသလိုလို ဘာလိုလိုနှင့် ကျွန်တော်က ဘုရားအတက် လှေကားအတက်အဆင်း ဝင်းခနဲ ဝင်းခနဲဖြစ်သွားသော ခြေသလုံးသားများကို ငေးကြည့်ပါသည်။

ထိုခြေသလုံးတုတ်တုတ်ကလေးနှင့် အိမ်ထောင်ကျပြီး ပထမဦးဆုံး

mgyoe.com

mgyoe.com


သမီးဦးကို ကိုယ်ဝန်ရှိတော့ သဃ်န်းကျွန်း သာစုခြံတွင် အဖေပေးသော မြေကွက်လပ်၌ ကျွန်တော်၏လက်ရှိအိမ်ကို အုတ်မြစ်ချပါသည်။ ထိုအခါ စောစောကပြောခဲ့သော မန်ကျည်းပင်ကြီးသည် ကျွန်တော့်ခြံထောင့်တွင် ထီးတည်းကြီး ပါဝင်လာပါတော့သည်။ သည်အထိလည်း သိပ်ပြီးသတိမထားမိသေးပါ။ အိမ်ကိုလည်း ရသမျှ စာမူခများ၊ စာပေဟောပြောပွဲမှရသော သစ်ပါမစ်၊ သံပါမစ်၊ သွပ်ပါမစ်၊ ကွန်ကရစ်ပါမစ် စသော အစိုးရဈေးဖြင့် ဝယ်ရသမျှဖြင့် ဖြည်းဖြည်းချင်း ဆောက်ပါသည်။ (ထိုစဉ် ဆိုရှယ်လစ်ခေတ်က စက်ရုံစာပေဟောပြောပွဲများမှ လက်ဆောင်အဖြစ် ဌာနဆိုင်ရာ ပစ္စည်း အစိုးရဈေးဖြင့် ဝယ်ယူခွင့်ပါမစ်တွေ ပေးပါသည်) ထို့ကြောင့် ကျွန်တော့်အိမ်ကို "စာရေးဆရာအိမ်" အစစ်ဟု ကျွန်တော်က သမုတ်ခဲ့ပါသည်။

နောင် ကျွန်တော့်ဖခင်ကြီး ကွယ်လွန်ခါနီးသောအခါ "မင်းအိမ်မှာ လိုက်သေချင်တယ်ကွာ" ဟူသော ဝမ်းနည်းစကားကို တောင်းဆိုသဖြင့် အဖေ့ကို ပွေ့ပြီး သဃ်န်းကျွန်း ကျွန်တော့်အိမ်သို့ ပြန်ပြောင်းခဲ့ပါပြီ။ ထိုအချိန်က ကျွန်တော့်အိမ်သည် ရုပ်လုံးအတော်ပီပြင်နေပါပြီ။

ထိုအခါ ခြံထောင့်မန်ကျည်းပင်ကြီးကို ပို၍သတိထားမိလာပါသည်။ နေ့လယ်စောင်းမှ ညနေအထိ မန်ကျည်းပင်ရိပ်ကြီးက ကျွန်တော့်အိမ်ရှေ့ကို မိုးကာနေသောကြောင့်ပင်။ ပြီးတော့ "အေးဘုံ" မှာ အညာသူဖြစ်သည်နှင့်အညီ မန်ကျည်းပင်ကို တစ်ပင်လုံး အသုံးချပါသည်။ ရွက်နုတို့ကို သုပ်စားပါသည်။ သည်ရွက်ရင့်တို့ကို ချဉ်ဟင်းချက်သည်။ မန်ကျည်းခေါက်ကို သွေးလိမ်းသည်။ စုံလို့ပါပဲ။

ထိုနည်းတူပင် ခြံဝန်းကျင်မှ လူများကလည်း မန်ကျည်းရွက်နု ရွက်ရင့်များကို လာရောက်တောင်းယူကြပါသည်။ ကုသိုလ်ရပါသည်။ တချို့က အိမ်အတွက် ဟင်းလျာအဖြစ် ခူးဆွတ်ကြသည်။ အချို့မူ ဗန်းကလေးပေါ်တင်၍ ရပ်ကွက်ထဲလည်ရောင်းကြသေးသည်။

တစ်ခါတစ်ရံတော့ စိတ်လိုလက်ရရှိလျှင် ကျွန်တော်သည် ထိုမန်ကျည်းပင်ကြီးအောက်တွင် ပက်လက်ကုလားထိုင်ခင်း၍ စာရေးစာဖတ်လုပ်ပါသည်။ "စိတ်လိုလက်ရ" ဆိုတာထက် "စိတ်ကူးရလျှင်" ဆိုက ပိုမှန်

mgyoe.com

mgyoe.com

ပါလိမ့်မည်။ ထိုစိတ်ကူးမှာ အမေပြောသော ပုံပြင်ပေါ်တွင် အခြေခံပါသည်။

တစ်ခါတုန်းက ရွာတစ်ရွာတွင် အလွန်ထင်ရှား၍ ဆေးလိုက်ကုသော ဗိန္ဓောဆရာကြီးလင်မယား ရှိခဲ့သည်။ ဆေးလိုက်သဖြင့် အခြားရွာများမှလည်း လာရောက်ကုသကြသည်။ ဆရာပင့်လျှင်လည်း လိုက်ပါသွားသည်။

တစ်နေ့ နေပူကျဲကျဲတွင် လူမမာဖြစ်ဟန်တူသော လူတစ်ယောက်ကို စောင်ပုခက်ဖြင့်ထမ်း၍ လူတစ်စု ရွာလမ်းအတိုင်း လာနေကြပါသည်။ ဆေးဆရာကြီးအိမ်မှာ ရွာစွန်ဖြစ်သောကြောင့် ခရီးသည်များမှာ ရွာလမ်းအတိုင်း ပင်ပန်းစွာထမ်းလာကြပါသည်။ ထိုအခြင်းအရာကိုမြင်သောအခါ ဆရာကြီးက ဇနီးသည်အား သူ့ဆေးအိတ် ပြင်ဆင်ခိုင်းပါသည်။ လူမမာထမ်းလာသောလူစုမှာ နေကပူလွန်းသဖြင့် ရွာလမ်းခလယ်ရောက်သောအခါ အုပ်အုပ်ဆိုင်းဆိုင်းရှိနေသော မန်ကျည်းအိုကြီးအောက်တွင် ထမ်းစင်ကို ခေတ္တချ၍ ရပ်နားကြပါသည်။ ထိုသည်ကို လှမ်းမြင်သောအခါ ဆေးဆရာကြီးက...

"ရှင်မရေ ဆေးအိတ်မပြင်နဲ့တော့"ဟု ဆိုပါသည်။

"ဘယ့်နှယ်ကြောင့်တုံး ကိုရင်ရဲ့"

"လူနာကို မန်ကျည်းရိပ်မှာ ခဏချထားလိုက်ပြီဆိုတော့ သူ့ရောဂါပျောက်ပြီပေါ့"ဟု ဆရာကြီးက ပြန်ပြောပါသည်။ ပုံပြင်ကလေးသည် မန်ကျည်းပင်၏ အသုံးဝင်ပုံအဖုံဖုံကို ပြဆိုပါသည်။ မန်ကျည်းရိပ်ခိုရုံနှင့် ရောဂါပျောက်သည်ဟု အတိသယဝုတ္တိအလင်္ကာဖြင့် ပြောဆိုလိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် ကျွန်တော်သည် ငြိမ်းစိစိရှိလျှင် မန်ကျည်းပင်ကြီးရိပ်မှာ သွားထိုင်ပြီး စာရေးစာဖတ် လုပ်လေ့ရှိခြင်း ဖြစ်ပါသည်။

ထိုမန်ကျည်းပင်ကြီးကြောင့်လည်း ကျွန်တော့်အိမ်မှာ တစ်ဂုဏ်တက်ရပါသေးသည်။ ကျွန်တော့်ခြံဝင်းသည် တစ်ဖက်က ရပ်ကွက်၊ တစ်ဖက်က ကားလမ်း၊ ကျန်တစ်ဖက်မှာ တိုက်ခန်းများ ဝန်းရံနေပါသည်။ ထို့ကြောင့် ရပ်ကွက်ထဲကရော တိုက်ခန်းများကပါ အုံ့အုံ့ဆိုင်းဆိုင်းနှင့် မကျဉ်းမကျယ်ရသော ကျွန်တော့်ခြံဝင်းကလေးကို သဘောကျကြောင်း ပြောဆိုကြပါသည်။
mgyoe.com

mgyoe.com


မန်ကျည်းပင်သာမက သရက်၊ ပိန္နဲ၊ ခရေ၊ တမာ စသော အပင်များကလည်း ရှေးဆန်ဆန် ဘုန်းကြီးကျောင်းလို ဆောက်ထားသော ကျွန်တော့်အိမ်ကလေးကို သာယာတင့်မောစေပါသည်။ အရပ်ကတို့က ကျွန်တော့်အိမ်နှင့်ဝင်းကို "အိုအေစစ်" ဟု တီးတိုးနာမည် ပေးထားကြလေသည်။

သို့သော် အထက်တွင်ဖော်ပြခဲ့သော မန်ကျည်းပင်ဦကာသည် ၃၊ ၅၊ ၂၀၀၈ တွင် ပြောင်းပြန်သဘောသို့ ဆောင်သွားခဲ့ပါပြီ။ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ကျွန်တော့်အိမ်ကို ဝိုင်းရံကာကွယ်ပေးထားကြသော သစ်ပင်ကြီးငယ်တို့ လဲပြိုကျွတ်ထွက်ကုန်ပါသည်။ သူတို့သည် ကျွန်တော့်အိမ် မထိခိုက်စေရန် အသက်ပေးကာကွယ်သွားကြခြင်း ဖြစ်ပုံရသည်။ ကျွန်တော်၏အိမ်သည် အသံလုံသလို၊ ကျွန်တော်ကလည်း နားမကောင်းသူ ဖြစ်သောကြောင့် ညက မုန်တိုင်းဒဏ်ကို ကောင်းစွာမခံစားလိုက်ရပေ။

"ကြည့်ပါဦး ဖေဖေရယ်" ဟု မျက်ရည်လည်ရွဲဖြင့် အိပ်ရာနိုးစကျွန်တော့်ကို သမီးကြီးကပြတော့မှ ကျွန်တော်၏ မန်ကျည်းပင်ကြီး အမြစ်မှကျွတ်ထွက်နေသည်ကို စိတ်မချမ်းသာစွာ တွေ့လိုက်ရပါတော့သည်။ ဘုရားသိကြားမလို့ အိမ်ဘက်သို့ ပြိုမကျခြင်း ဖြစ်သည်။ ကျေးဇူးကြီးလှပါပေ့ မန်ကျည်းပင်ကြီးရယ်။

မန်ကျည်းပင်ကြီးသည် ကျွန်တော့်ခြံဝင်းထဲတစ်ဝက်၊ တိုက်ခန်းများရှိရာ ကားလမ်းပေါ်တစ်ဝက် လဲကျနေပါသည်။ ကျွန်တော်တို့အိမ်မှရော၊ တိုက်ခန်းများမှပါ လူတွေရောကားတွေပါ ထွက်မရ ပြုမရဖြစ်သွားပါပြီ။ တစ်ချိန်က "အိုအေစစ်" ဟု တင်စားခဲ့သော ကျွန်တော့်ခြံဝင်းသည် အာဖရိကအမေဇုန်တောနက်ကြီး ဖြစ်နေပါပေါ့လား၊ လောကကြီး၏ မျက်လှည့်ဆန်သော သဘောပင်။ ညီမျှခြင်းကိုပေးတတ်သော လောကနိယာမပင်။

ကျွန်တော်တို့ ပထမဦးဆုံး လုပ်ရသောအလုပ်မှာ ထိုမန်ကျည်းပင်ကြီးကို ခုတ်ထွင်လှီးဖြတ်ရခြင်း ဖြစ်ပါသည်။ လူအများ၏ ကိုယ်ကျိုးဖြစ်သောကြောင့် သူ့ကျေးဇူးတွေကို မေ့လိုက်ရပါပြီ။ ပင်စည်က ကြီးပြီး မာခေါက်လွန်းသောကြောင့် လွှဖြတ်စက်ဖြင့် ပိုင်းဖြတ်ရပါသည်။ သူသိပ်နာနေမှာပဲဟု ကလေးဆန်ဆန် တွေးမိပါသေးသည်။ သို့သော် ရက်ပိုင်းနှင့်ပင် လူတွေ ကားတွေ သွားလို့လာလို့ ရသွားပါပြီ။

mgyoe.com